ဝါဝါထင်လင်း

# ကျွန်မကိုဒီလိုပြောခဲ့တာနှင့်

## ကျွန်မရဲ့ဝတ္ထုတိုများ



## ကိုကြီး ကိုကြီး

ကျွန်မတို့ မောင်နှမတွေထဲတွင် ကိုကြီးကိုသိန်းတန်က အကြီးဆုံးဖြစ်ပါသည်။ မောင်နှမ တွေထဲတွင် အကြီးဆုံးဖြစ်ပေမဲ့ အငယ်တွေရဲ့ လေးစားမှုကို မခံယူရပါ။ ဖေဖေနှင့်မေမေကလည်း တစ်ခါတစ်ခါ အလွန့်အလွန် ဆူတတ်ပါသည်။ ကိုကြီးကလည်း ကိုကြီးပါပဲ။

"အစ်ကို အကြီးအဖအရာတဲ့၊ ဒီလိုကောင်မျိုး အားကိုးလို့ကတော့ကွာ မွဲမှာပဲ"ဖေဖေက ဆူ သည်။

"ဟုတ်ပ့ါတော်၊ မြန်မြန် မိန်းမရသွားလည်း အေးတာပဲ"

မေမေက ပြောသည်။

"ကိုကြီးနော်၊ လာ လာ ဆရာ မလုပ်နဲ့"

"ကိုကြီးနဲ့ မဆိုင်ပါဘူး"

အကောင်းပြောလည်း အကောင်းမထင်။ ညီတွေ၊ ညီမတွေက ပြန်အော်သည်။

ကိုကြီးသည် ဆယ်တန်း မအောင်နိုင်။ ခဏ ခဏ ကျသည်။ အမြဲလိုလည်း ဂစ်တာတစ် ဒေါင်ဒေါင်နှင့် ရှိသည်။ ဆယ်တန်းမအောင်သော်လည်း ရည်းစားကတော့ များသည်။ ကောင်မလေးတွေ အိမ်ခဏခဏသွားသည်။ မနက်မိုးလင်းက ထွက်သွားလျှင် ဘယ်သွားလို့ ဘယ် လာမှန်းမသိရပေ။ ညမိုးချုပ်မှ ပြန်လာတတ်သည်။ အိမ်မှာနေလည်း တယ်လီဖုန်းနှင့် အလုပ်ရှုပ်နေ တတ်သည်။ ဟိုကောင်မလေးဆီ ဆက်၊ သည်ကောင်မလေးဆီဆက်နှင့်။ ဖုန်းလာပြီဆိုလည်း

ကိုကြီးကို ခေါ်ရတာ ကများသည်။

“ဟော့..တယ်လီဖုန်းကို အရေးကြီးမှ ဆက်ကြပြောကြဟော့၊ ဖုန်းဖိုးတွေသိပ်ကျရင် မတတ် နိုင်ဘူး”

ခဏခဏဆိုတော့ အမေက အော်သည်။

တစ်ခါကလည်း ကောင်မလေးတစ်ယောက်နှင့် အကြာကြီး ဖုန်းပြောသည်။

“သည်လောက်တောင်မှ ပြောစရာတွေ များနေရင်လည်း အဲဒီ မိန်းမကိုယူပြီး တစ်ခါတည်း လိုက်သွားတော့ဟော့”

ဖေဖေရော မေမေရော ကျွန်မတို့ မောင်နှမတွေကပါ ကိုကြီးကို မြန်မြန် မိန်းမယူသွားစေချင်ပါသည်။ ကိုကြီးက အိမ်မှာနေလည်း အဆူအပြော မလွတ်ပါ။ အိမ်မှာလည်း ဘယ်တော့မှ ကြာကြာမနေပါ။ စားချိန်နှင့် အိပ်ချိန်လောက်သာရှိတတ်သည်။

“ဟ ငါ့အတွက် ဟင်းမကျန်တော့ဘူးလား၊ မိငယ်ရေ မိငယ်”

“ဘာလဲ” ကိုကြီးအသံကြောင့် ကျွန်မက ဆောင့်ဆောင့်အောင့်အောင့် ထူးလိုက်ပါသည်။

“ငါထမင်းမစားရသေးဘူး။ ဘာဟင်းမှလည်းမရှိပါလားဟ”

“အချိန်မတော်မှ ပြန်လာပြီး ဟင်းမကျန်တာ မဆန်းပါဘူး၊ ရှိတာနဲ့စားပေါ့” ကျွန်မပြောပြီး အိမ်ရှေ့လှည့်ထွက်ခဲ့သည်။ မီးဖိုခန်းထဲတွင်တော့ ကိုကြီးတစ်ယောက် ဆောင့်ဆောင့်အောင့် အောင့်နှင့် ဝုန်းဒိုင်းကြဲနေတော့သည်။

“ဟဲ့ မီးဖိုခန်းက ဘာဖြစ်တာလဲ” မေမေက အော်မေးသည်။

“ကျွန်တော့်အတွက် ဘာဟင်းမှလည်း မကျန်တော့ဘူးဗျ”

"သြော် အချိန်မတော်မှ ပြန်လာပြီး ကောင်းတယ်၊ ငတ်"

မေမေက ကြင်နာစွာနှင့် ပြန်အော်သည်။ မေမေ့အသံကြောင့် ကိုကြီး အသာငြိမ်သွားသည်။

"မေမေ ကိုကြီးကို ကောင်မလေးတစ်ယောက်နဲ့ တွေ့လိုက်ရတယ်ဗျ" အလတ်ကောင် အောင်အောင်က ပြောသည်။

"သြော်..သားရယ်၊ သားအစ်ကိုကြီးက ဒီလိုပဲ လျှောက်လျှောက်သွားနေတာ ဆန်းသလား"

"ဆန်းတာပေ့ါ၊ မေမေရ၊ သူတို့က ဈေးတွေဘာတွေ ဝယ်လို့၊ ကိုကြီးက ဈေးခြင်းတောင်း တောင် ဆွဲပေးထားသေးတယ်"

အောင်အောင့်စကားကြောင့် မေမေ မျက်လုံးပြူးသွားသည်။

"သြော်..မရသေးဘူး၊ ခိုင်းဖတ်ဖြစ်နေပြီထင်ပ့ါ၊ လာပါစေဦး၊ တစ်ခါတည်း အိမ်ပေါ်ကကို ဆင်းခိုင်းမယ်"

အဲဒီ ည ကိုကြီးပြန်လာတော့ မေမေ ဆူသည်။ ကြိမ်းသည်။ ကိုကြီးက သူ့အခန်းထဲဝင်ပြီး အခန်းတံခါးပိတ်လို့နေသည်။ မေမေ့ဆူသံကြိမ်းသံက တစ်အိမ်လုံးလွှမ်းနေသည်။ ခက်လည်းခက် တဲ့ ကိုကြီးပါပဲ။ ကိုကြီးနှင့်ကြိုက်သည့် ကောင်မလေးတွေက တစ်ယောက်မှ အချိုးပြေသူ မရှိ။ ပုံပုံ လန်လန်လေးတွေ ချည်းဖြစ်သည်။

တစ်ကယ်ဆို ကိုကြီးမှာက ကိုယ်ပိုင်ပညာဂုဏ်၊ အလုပ်ဂုဏ် မရှိပါ။ ဒါပေမဲ့ မိဘဂုဏ်တော့ ရှိပါသည်။ ဖေဖေက ဌာနကြီးတစ်ခုမှ ညွှန်ကြားရေးမှူးချုပ်။ မေမေက အထက်တန်းပြဆရာမ ဖြစ်ပါ သည်။ တစ်ခါ "ဆောက်ဖြစ်မှ ကျောင်းတကာ" ဆိုသလို ကိုကြီးသည် ဆယ်တန်းမအောင်သေးပေ မဲ့ တစ်ဖက်က သဘော်လိုက်ရန် လုံးပန်းနေသည်မဟုတ်ပါလား။ သို့သော် ကျွန်မတို့ မောင်နှမ

တွေက ကိုကြီးကို အထင်မကြီး။ “ရမှာလည်း မဟုတ်ပါဘူး”ဟု ထင်ထားကြသည်။ သဘော်လိုက် ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာဘဲ။ ဆယ်တန်းမအောင်၊ သဘော်မလိုက်ရသေးဘဲ မိန်းမရသွား မှာကတော့ သေချာသလောက် ဖြစ်နေပါသည်။

တစ်ခါက ဖေဖေနှင့်မေမေ ကျိတ်ပြီး ကိုကြီးကို မိန်းမပေးစားဖို့ တိုင်ပင်ကြဖူးသည်။ ပေးစား မည့် မိန်းကလေးက တော်သည်။ လိမ္မာသည်။ သို့သော် ထိုမိန်းကလေးမှာက ရည်ရွယ်ထားသူရှိပြီး သား ဖြစ်နေသည်။

တစ်ခုတော့ရှိသည်။ ကိုကြီးမှာက အပေါင်းအသင်း၊ သူငယ်ချင်း သိပ်ကိုများလွန်းသည်။ ပေါင်းသင်းဆက်ဆံရေး ကောင်းသည်ဟု ဆိုရမလားမသိ။ သူနဲ့ မသိတဲ့လူမရှိသလောက်ရှားသည်။ အိမ်မှာသာ မောင်နှမတွေနှင့် မတည့်ပေမဲ့ အပြင်လူတွေနဲ့ကတော့ ကိုကြီး့ အဆင်ပြေလွန်းကြပါ သည်။ ကိုကြီးကို တွေ့တဲ့လူတိုင်းက သဘောကောင်းသည်။ စိတ်ထားကောင်းသည်ဟု ဆိုကြ သည်။

ဒီတော့ သွားစရာ၊ လာစရာတွေက များသည်။ ဟိုက လာခေါ် လိုက်သွားလိုက်၊ ဒီကလာခေါ် လိုက်သွားလိုက်နှင့် ကိစ္စတွေက များလွန်းနေသည်။ ဖေဖေတို့၊ မေမေတို့က ဘယ် လောက်ဆူဆူပြောပြော ကိုကြီးကတော့ လွယ်အိတ်တစ်လုံးနဲ့ သွားမြဲ၊ လာမြဲ၊ နေမြဲ၊ ထိုင်မြဲ။ ဖေဖေနှင့် မေမေ့ကိုတောင် ဂရုမစိုက်သလို ဖြစ်နေသည်။ ခက်လည်း ခက်တဲ့ ကိုကြီးပါပဲ။

သည်နှစ်တော့ ကိုကြီး ဆယ်တန်းအောင်သည်။ ကိုကြီး ကံကောင်းသည့်နှစ် ဖြစ်သည်။ အလုပ်ဝင်မည်ဟုဆိုကာ ကျောင်းကြီးကို မတက်ဘဲ စာပေးစာယူ လျှောက်သည်။ ပို၍ ပို၍ ကံကောင်းသည်က ပထမနှစ်ကို ငွေသွင်းပြီးမဖြေဘဲ ဟိုသွား၊ သည်သွားလုပ်နေရာမှ နိုင်ငံခြားသ ဘော်လိုက်ရန် အရွေးခံလိုက်ရပါသည်။

ကိုကြီး နိုင်ငံခြား သွားရမယ်ဆိုတော့ တစ်အိမ်လုံး

ဝမ်းသာလိုက်ကြတာမှ အရမ်း။ တကယ့်တကယ် ခွဲကြရမည် ဆိုတော့လည်း ဝမ်းနည်းမိကြသည်။ "နီးတကျက်ကျက်၊ ဝေးတ သက်သက်" ဆိုတာ ဒါပဲ ဖြစ်မည်။ သွားမည့်ရက် ညနေကဆို ကိုကြီးက ဘုရားကန်တော့ပြီး ဖေဖေနဲ့ မေမေကို ထိုင်ကန်တော့သည်။ "ဖေဖေနဲ့မေမေ၊ သားကြီး မှားတာရှိရင် ခွင့်လွှတ်ပါ" ကိုကြီးအသံတွေက တုန်နေသည်။ မျက်ရည်တွေလည်း ဝဲလို့နေသည်။ ကျန်တဲ့ မောင်နှမတွေက ကိုကြီးကို ကြည့်ပြီး ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေကြရသည်။ အသီးသီး မျက်ရည်တွေကလည်း ဝဲလို့။

ခဏကြာတော့ ကိုကြီးနားမှာ ဝိုင်းပြီး မောင်နှမတွေ ဟိုဟာမှာ၊ သည်ဟာမှာ့ ဆူညံလို့ လာသည်။ ကိုကြီးကို ကျွန်မတို့ မိသားစုတစ်ယောက်မကျန် လိုက်ပို့ပေးကြသည်။

ကိုကြီး ထွက်သွားပြီးနောက်ပိုင်း အိမ်မှာနေကြရတာ တစ်မျိုးကြီးဖြစ်နေသည်။ ရှိတုန်းက တော့ စကားများကြ၊ ရန်ဖြစ်ကြ အိမ်မှာ ကိုကြီးရှိတာကိုပဲ မကြိုက်ချင်ကြသလို မိန်းမချည်း ပေးစား နေချင်ကြသည်။

ခုဆို မောင်နှမတစ်တွေ သူတကာတွေ့တိုင်း "တို့ ကိုကြီးက နိုင်ငံခြားမှာ" ဆိုတဲ့စကားကို ပြောရတာ အရသာရှိနေလိုက်ကြတာ "တို့ ကိုကြီးတဲ့"။ တို့ကိုကြီးကို အခုမှ လွမ်းကြ၊ချစ်ကြ။ မေမေ ဆိုတာကလည်း သူ့သားကြီးအတွက် အရင်ကထက် ဘုရားဝတ်ပြု၊ ရိပ်သာသွား၊ တရား ထိုင်နဲ့ အဝေးရောက် သားကြီးအတွက်၊ အဝေးရောက် သားကြီးအတွက်နဲ့ ဆုတွေတောင်းလိုက်ရ တာ။ ကိုကြီးကလည်း အဝေးရောက်မှ အိမ်ကိုတွယ်တာရမှန်းသိလာတယ် ထင်ပါရဲ့။ နိုင်ငံတစ်နိုင် ငံရောက်တိုင်း စာရေးတယ်။ ဖုန်းဆက်လို့ရရင် ဆက်တယ်။ မောင်နှမတွေကို ဆုံးမစာရေးတယ်။ ကိုကြီးစာလာတဲ့နေ့ဆို အိမ်မှာ ဆူညံနေတာပဲ။

"ရေခြား၊ မြေခြားအဝေးမှာရောက်နေတဲ့ ကိုကြီး နေကောင်းပါစေ၊ ကျန်းမာပါစေ၊ ကိုကြီး နဲ့ ဘဝတူ သင်္ဘောသားတွေလည်း အန္တရာယ်အမျိုးမျိုးမှ ကင်းဝေးကြပါစေ" လို့ ကျွန်မ ဆုတောင်းလိုက်မိပါတယ်။ သည်လိုနဲ့ ရက်ကို လစား၊

လကို နှစ်စားလို့ တစ်နှစ်အကျော်မှာတော့ ကိုကြီး ပြန်လာသည်။ အို ပျော်လိုက်ကြတာမှ အရမ်း အရမ်း။ လေယာဉ်ကွင်း သွားကြိုဖို့ကိုလည်း သူလိုက်မယ်၊ ငါလိုက်မယ်နဲ့ တစ်အိမ်လုံး ဆူညံနေတာပဲ။ ကိုကြီးကို ချစ်ကြတာ၊ ချစ်ကြတာ။

"ဟယ် ကြည့်စမ်းပါဦး၊ ကိုကြီးက အသားတွေဖြူပြီး ဝလာလိုက်တာ"

နဂိုက ဆံပင်ကောက်ကောက်၊ နဖူး ပြောင်ပြောင်နဲ့ဆိုတော့ ကိုကြီးပုံက တကယ့်နိုင်ငံခြား သား ပုံပေါက်လာသည်။ အိမ်မရောက်ခင် ကားပေါ်မှာတင် "ကိုကြီး ညီ့ဖို့ ဘာပါလဲ"၊ "မိငယ်မို့ ဘာပါလဲ" နှင့် အလုအယက် မေးနေလိုက်ကြတာ။

"ပါပါတယ်ဟာ၊ အားလုံးအတွက် ပါတယ်၊ အိမ်ကျကြည့်ပေါ့"

အိမ်ရောက်တော့ ပါလာတဲ့ သေတ္တာတွေ ဖွင့်တဲ့သူက ဖွင့်၊ လက်ဆွဲအိတ်တွေ ဖွင့်တဲ့သူက ဖွင့်နဲ့။

"ဟေ့ ဟေ့ နေကြဦး၊ နေကြဦး၊ လုမယူကြနဲ့၊ ပစ္စည်းတွေလဲ ဖွက်မထားကြနဲ့နော်၊ ငါ အားလုံးကို ဝေပေးမယ်၊ လုနေရင် ဘယ်သူမှ မပေးဘူး"

ကိုကြီး အော်လိုက်မှ မောင်နှမတွေ ငြိမ်သွားကြသည်။

"ဒါက ဖေဖေနဲ့မေမေအတွက်၊ ဒါက .. "

ကိုကြီးက သူ့ဟာနဲ့သူ အကုန် ခွဲဝေပေးသည်။ အငယ်တွေကို ဦးစားပေးပြီး လိုချင်တာ အကုန်ဝယ်ခဲ့ပေးသည်။ တစ်ခါ ညီမတွေအတွက် ဖောင်းပါတိတ်(ဓားနှစ်လက်) တွေကို တစ်ယောက်နှစ်ထည်စီ ဝေပေးသည်။ မေမေ့အတွက်ကိုတော့ ငါးထည်ပေးသည်။ ညီအစ်မတွေ ဝမ်းသာလိုက်ကြတာ။ ဟုတ်တယ်လေ၊ ဖောင်းပါတိတ်တွေ ခေတ်စားတဲ့အချိန်ဆိုတော့ ဈေးက သေးတာမဟုတ်ဘူး။ ဖောင်းကြီးဆို အနည်းဆုံး ၇၀၀၊၈၀၀ ပဲ။

ဘယ်ဝယ်ဝတ်နိုင်ပါ့မလဲ။ ကိုကြီးပါ လာမှပဲ ဝတ်ရတော့မှာ။

“ဖေဖေ TV က နက်ဖြန် သန်ဘက်လောက်မှ အကောက်ခွန်မှာ သွားရွေးရမယ်၊ ကားက စောင့်ရဦးမယ်”

“ဟယ် ကိုကြီးက တစ်နှစ်ကျော်သွားတာ ကားရော TV ရောပါလာတယ်၊ ကိုကြီးက တကယ်လိမ္မာတယ်”

မောင်နှမတွေက ဝိုင်းလို့ချီးကျူးသည်။ ကိုကြီးကသူပါလာတဲ့ ပစ္စည်းရောင်းလို့ရသမျှငွေကို ဖေဖေနဲ့မေမေလက်ထဲ အကုန်အပ်သည်။ သုံးစရာလိုမှ မေမေ့ဆီက ပြန်တောင်းသည်။

ကိုကြီးသွားနေစဉ် ကိုကြီး လစာတွေ သွားသွားထုတ်တိုင်း မေမေက မသုံးရက်လို့ သူ့အထုပ်အညိုလေးအတိုင်း စုစုထားသည်။ ပထမလစာကို ဘုန်းကြီးဆွမ်းကပ်သည်။ ကျန်တာ တွေကို စုလည်း စုသည်၊ လှူလည်း လှူသည်၊ တခြားဘာမှမသုံး။

ကိုကြီးကတော့ ရောက်တယ်ဆို ထုံးစံအတိုင်း ဟိုသွား၊ သည်သွား လျှောက်သွားနေတာပဲ။ အိမ်ကလူတွေက စိတ်ပူတာပေါ့။ ဒါပေမဲ့ ဟိုတုန်းက စိတ်လိုတော့ မဟုတ်ကြတော့ဘူး။ ကိုကြီး ပြန်လာရင် စားဖို့ ကိုကြီးကြိုက်တဲ့ ဟင်းကိုချက်ကြတယ်။ ကိုကြီးအတွက် သတ်သတ် ခွဲပေးထား တယ်။ ပြန်လာရင် မောင်နှမတွေ ဝိုင်းခပ်ကျွေးကြတယ်။ ကိုကြီးကို ချစ်ကြတာ။

ကိုကြီး ဖုန်းပြောတာကြာရင်လည်း မောင်နှမတွေ ဖေဖေနဲ့ မေမေကို မတိုင်ကြတော့ဘူး။ ကိုကြီး စိတ်ဆိုးမှာ ကြောက်လို့။ စိတ်ဆိုးပြီး ကိုကြီး မိန်းမယူသွားရင် ဒုက္ခမဟုတ်လား။ ဟိုတုန်းက တော့ ကိုကြီး မိန်းမရသွားရင် ကောင်းမှာပဲလို့ ထင်ကြတာ။ ခုတော့ မိန်းမယူသွားမှာ သိပ်ကြောက် တာပဲ။ အရင်က ပြန်အော်၊ ပြန်ပြောနဲ့နေတဲ့ မောင်နှမတွေ ခုတော့ ကိုကြီးက နှစ်ခွန်းမပြောရဘူး။ ကိုကြီးအကြိုက် အဆင်သင့်ဖြစ်အောင်လုပ်ပေးကြတာပဲ။

ကိုကြီးကိုလည်း အရိပ်တကြည့်ကြည့်နဲ့ အမြဲရှိနေကြတယ်။

ကိုကြီးက ဟိုတုန်းကနဲ့ကို မတူတော့ဘူး။ အလုပ်ရဲ့တန်ဖိုး၊ ငွေရဲ့တန်ဖိုးကို နားလည်လာ လို့လား မသိဘူး။ အစစအရာရာ ပြောင်းလဲတည်ငြိမ်နေတယ်။ အိမ်အလုပ်တွေ ဘာတွေဆိုလည်း မခွဲခြားဘဲ အားလုံးလုပ်ကိုင်ပေးတယ်။ မောင်နှမတွေကိုလည်း ကြုံတိုင်း အမြဲလိုဆုံးမတယ်။ ငွေရ ဖို့ဆိုတာ မလွယ်ကြောင်း၊ ဒီငွေရဖို့အတွက် သင်္ဘောပေါ်မှာ ပင်ပင်ပန်းပန်းလုပ်ရကြောင်းတွေကို ပြောပြသည်။ ငွေကို လွယ်လွယ်ရတိုင်း အသုံးအဖြုန်းမကြီးကြဖို့ကိုလည်း ခဏခဏ ပြောသည်။

တကယ်ပါပဲ၊ ကိုကြီးဟာ ဟိုတုန်းကနဲ့ကို မတူတော့ဘဲ အရည်အချင်းပြည့်ဝတဲ့ လူကြီးတစ် ယောက်လို ဖြစ်လာတာတွေ့ရတယ်။

အဲ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ကောင်မလေးတွေက ကျွေးခိုင်းမွေးခိုင်းရင် ကိုကြီးက အား နာပြီး ပါပါသွားတတ်တယ်။ အဲဒီ အခါ စိတ်ပူကြရတာ က မောင်နှမတွေပဲ။

ကိုကြီးကတော့ ပြောပါတယ် "ငါ မိန်းမ မယူသေးပါဘူး၊ ဖေဖေနဲ့မေမေကို လုပ်ကျွေးဦးမယ်၊ မိန်းမယူပြီးရင် ကိုယ့်အဖေ၊ အမေ့ကို လုပ်ကျွေးရတာ ၊ မောင်နှမတွေကို ပါလာတဲ့ ပစ္စည်းတွေပေးရတာ မလွတ်လပ်တော့ဘူးဟ၊ မိန်းမက ရှိလာပြီဆိုတော့ ကျေနပ်ချင်မှ ကျေနပ်မှာ " လို့ ပြောဖူးတယ်။ ဟုတ်တာ၊မဟုတ်တာ အပထား၊ မိန်းမ မယူသေးဘူးဆိုတော့ ဝမ်းသာမိကြတာအမှန်ပါပဲ။

ကိုကြီးပြောတာ အမှန်ပဲ။ ကျွန်မတို့ ဘေးအိမ်က သင်္ဘောသားလင်မယားဆို တစ်ခေါက် တစ်ခေါက် ပြန်လာတိုင်း စကားများတာတွေ့ရတယ်။ အဲဒီ သင်္ဘောသား ပြန်လာတာနဲ့ ဟိုဘက် ဆွေမျိုးသည်ဘက်ဆွေမျိုးရောက်ရောက်လာကြတာပဲ။ များများပေးသင့်တဲ့

သူကိုလည်းပေး၊ နည်း နည်းပေးသင့်တဲ့ သူကိုလည်းပေးပေါ့။ ပေးလည်းပေးရသေး မကျေနပ်တဲ့သူတွေက ရှိသေးတယ်။

မိန်းမဖြစ်သူက ပါသမျှပစ္စည်း သိမ်းသင့်တာသိမ်း၊ ဝှက်သင့်တာဝှက် လုပ်ရတယ်။ အားမ နာတမ်း တောင်းတဲ့သူမျိုးကလည်း ရှိတော့ အဲဒီ လိုပဲ လုပ်ရတော့တာပေါ့။ တောင်းတဲ့သူက အားမ နာတမ်းတောင်းတော့ မပေးချင်တဲ့ဟာကို ပေးလိုက်ရရင်ဖြင့် ရင်ထဲမှာ မတင်မကျနဲ့ လင်မယားနှစ်ယောက် စကားများကြရတာ ပါပဲ။

တကယ်တော့ ယောကျ်ားပါလာသမျှပစ္စည်းဟာ သည်မိန်းမတစ်ယောက်တည်း ပိုင်ဆိုင်တာပေါ့နော်။

ဒါကြောင့်လည်း ကျွန်မတို့ မောင်နှမတွေ စိတ်ထဲ ကိုကြီးကို မိန်းမမရပါစေနဲ့ဦးလို့ ဆုတောင်းနေကြတာ အမှန်ပါပဲ။ ဘာလို့လဲဆို ဟိုတုန်းက ကိုကြီးနဲ့ အခု ကိုကြီး မတူတော့ဘူး လေ။

ဝါဝါထင်လင်း

၁၉၈၉ ခုနှစ် ၊ နိုဝင်ဘာလ ၊ စပယ်ဦးမြန်မာဝတ္ထု

## နှစ်နှာရီ ဒုက္ခ

ကလေးတစ်ယောက်ကနေ နှစ်ယောက်၊ နှစ်ယောက်ကနေ သုံးယောက်လည်းရရော မိသက်ကိုယ်လုံးလှလှလေးသည် ပျက်စပြုလာရော၊ ခါးသေးရင်ချီမဟုတ်တော့ဘဲ ခါးကတုတ်လာ တယ်။ ဗိုက်ခေါက်က ထွက်လာ၊ ရင်သားကလည်း လျော့ရိ လျော့ရဲ၊ ပျော့အိ ပျော့တွဲ ဖြစ်လာတယ်။ မိန်းမများ ယောကျ်ားတွေနဲ့ကို မတူဘူး။ ကိုလူအိုများကျတော့ ကလေးတစ်ဒါဇင်ပဲ ရပါစေဦး၊ အနေ၊အစား၊အသွား၊ အလာတတ်သူများအဖို့ လူပျိုလေးတွေကတောင် အရှုံးပေးရဦး မယ်။ ကြော့လို့၊ ကော့လို့။ မိသက်တို့ မိန်းမတွေလည်း အပျိုလေးတွေ ရှုံးအောင် မပြင်နိုင်ဘူးလား ဆိုတော့ ပြင်နိုင်ပါတယ်။ သိပ်ပြင်နိုင်တာပေ့ါ အဲ ..ပြင်လို့ မရတာ တစ်ခုက တစ်သားမွေး၊ တစ်သွေး လှဆိုတဲ့ သူတွေရှိသလို၊ မိသက်တို့ကျတော့ သည်ဗိုက်ခေါက်ကြီးကြောင့် ကိုယ်လုံးကဝ၊ဗိုက်က ထွက်နဲ့ တစ်ခါတစ်ခါ အလှပြင်ရင် ကိုယ့်ကိုကိုယ် မှန်ထဲကြည့်ပြီး စိတ်တောင်ကုန်တယ်၊ မျက်နှာ လေးကနုဖတ်ပြီး လှနေဦး၊ ကိုယ်လုံးက ဖျက်နေတော့ သွားရော၊ တချို့တွေ့တဲ့ သူငယ်ချင်းတွေ က ပြောကြသေးတယ်။ "လှလို့ ဝလို့ပါလား၊ သည့်ထက်တော့ ပိုမဝစေနဲ့နော်၊ တော်ကြာ ကျန်နေခဲ့ဦးမယ်တဲ့" ကျန်နေခဲ့ဦးမယ်ဆိုကတည်းက သူ့အလိုလိုလှလို့ဆိုတဲ့ စကားကပျောက်ပြီး ဝပြီးပုံပျက်နေပြီလို့ဆိုတဲ့ စကားကိုသာ အဓိကဆိုချင်ကြကြောင်း ပေါ်လွင်နေတာပဲပေ့ါ။

မိသက်ကသာ လှချင်တာ၊ လှအောင်မပြင်တတ်ဘူး။ လှအောင်လည်း မနေတတ်ဘူး၊ မိ သက်မှာ အပျိုကတည်းက အကျင့်တစ်ခုရှိခဲ့တာက မြန်မာအမျိုးသမီးပီပီ မနေတတ်တာပဲ၊ မြန်မာ အမျိုးသမီးပီပီ မနေတတ်ဆိုလို့ ဟော့ဟော့ရမ်းရမ်းနေတာကို ပြောတာမဟုတ်ဘူးနော်။ မြန်မာ ဆန်ဆန်

မဝတ်တတ်၊ မနေတတ်တာကို ပြောတာ။ မိသက်က လွတ်လပ်မှုကို သိပ်လိုချင်တဲ့သူဆို တော့ ဘလောက်စ်အကျႌပွပွတို့လိုမျိုးပဲ ချုပ်ဝတ်တာ၊ ရင်စေ့အကျႌတို့၊ ရင်ဖုံးအကျႌတို့ဆိုတာမရှိသ လောက် ရှားတယ်။ ထဘီဆိုလည်း ဘယ်တော့မှ တင်းတင်းရင်းရင်း ကျပ်ကျပ်သပ်သပ် မဝတ် တတ်ဘူး၊ ကျွတ်မကျရင် ပြီးရောဆိုသလို ဝတ်တတ်တယ်။ နောက်ပြီး သွားရ လာရလွယ်အောင် ခပ်တိုတိုဝတ်တယ်၊ ပြီးရောဆိုသလို ဝတ်တတ်ပေမဲ့လည်း ခဏခဏ ပြန်မဝတ်ရအောင် တစ်ခါ တည်းနဲ့အပြီး ဝတ်ထားတာ။ တစ်ချို့မိန်းကလေးတွေ ရှိပါတယ်။ ကိုယ်လုံးပေါ်အောင် ထဘီကို ကျပ်ထုပ်တင်းရင်းနေအောင်ဝတ်တာ၊ ကိုယ်တောင် တပတ်လည်တယ်။ အပေါ်ကလည်း ကျပ်၊ အောက်ကလည်း ကျပ် ဆိုတော့ လမ်းသွားရတောင် ခြေလှမ်းတာ ဆင်မယဉ်သာ၊ ကိုယ်လုံးကတော့ ပေါ်ပါရဲ့၊ ဒါပေမဲ့ တစ်ခုခုက ကိုယ်ကို စည်းနှောင်ထားသလို ကသိကအောင့်၊ မလွတ်မလပ်ကြီး ခံစားနေရမှာပဲလို့တော့ မိသက် ယူဆနေမိတယ်။

ဘော်လီကျပ်ကျပ်ဆိုလည်း မိသက် မဝတ်တတ်ပြန်ဘူး။ မိသက်ဝတ်တာ ပါးပါးလျှောလျှော ဘရာစီယာနဲ့ အပေါ်အကျႌ ထူထူပွပွကိုပဲ အမြဲဝတ်တာ။ အဲသည်လိုဆိုတော့ စားတာလည်းလွယ်၊ သွားရလည်း လွယ်တယ်၊ နေရတာ လွတ်လပ်မှုရှိတယ်၊ မိသက် အပျိုတုန်းက အိမ်မှာသည်လိုပဲ နေခဲ့တာပဲ။

လင်လည်းယူခဲ့ရော“အင်း လင်ယူင်တော့ ပိုပြီး လွတ်လွတ်လပ်လပ်နေမှာပဲ” လို့ ထင်ခဲ့တဲ့ မိသက်၊ နဖူးတွေ့ ဒူးတွေ့ကျမှ မလုပ်ချင်တဲ့ ဒုက္ခတွေ ခဏခဏတွေ့ရတော့တာပဲ။ ပွဲကြောက်ခဲ့ တဲ့ မိသက် မင်္ဂလာပွဲတို့၊ မွေးနေ့ပွဲတို့ဆို သွားရမှာသိပ်ကြောက်ခဲ့တာ ပွဲမတိုးဘူးပဲဆိုဆို၊ လူဝင်မဆံ့ ဘူးပဲ ပြောပြော၊ လှလှပပ ဝတ်ပြီး ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ သွားထိုင်ရတာ ထက် စုတ်စုတ်ပြတ်ပြတ် ဝတ်ပြီး လွတ်လွတ်လပ်လပ် အိမ်မှာ နေရတာ ကို ပိုပြီး သဘောကျခဲ့တယ်။ မသွားမဖြစ်လို့ အမေ တို့က အတင်းလွှတ်မှ ကြည့်ကောင်းတဲ့ အဝတ်အစားလေး ရွေးဝတ်ပြီး ပေါ့ပေါ့ပါးပါးသွားခဲ့တာ၊ ညှော်ခံပွဲရဲ့

လူတွေကြားထဲရောက်ပြန်တော့ လူမှုရေးနဲ့ ယဉ်ကျေးမှုအရ သိတဲ့သူရော မသိတဲ့သူပါ တွေ့သမျှလူကို ပြုံးပြရ၊ ရယ်ပြရ၊ စကားပြောရနဲ့ ကြာတော့ ပါးစပ်တွေညောင်း၊ ပါးတွေညောင်း ဖြစ်လာရော၊ ပွဲဆိုတာက ဘာပွဲဖြစ်ဖြစ် ဟန်နဲ့လှုပ်ရှားနေကြသလို ပွဲသာထိုင်တဲ့သူတွေမှာလည်း ဟန်ကလေးတွေနဲ့ ပြောကြ၊ ရယ်ကြ၊ ဆိုကြ၊ ပြုံးကြနဲ့ မိသက်တော့ သိပ်စိတ်ကျဉ်းကျပ်တာပဲ။ အဲသည်လို ပွဲကြောက်တတ်တဲ့ မိသက်။

အိမ်ထောင်ကျပြီး မကြာခင်မှာပဲ မင်္ဂလာဆောင်တစ်ခု သွားဖို့ ကြုံလာတယ်။ အတွေ့အကြုံ ကလည်း မရှိသေးဘူး။ အစ်ကိုတို့ ရုံးက အရာရှိတစ်ယောက်ရဲ့ မင်္ဂလာဆောင်ကို မသွားမဖြစ်လို့ သွားတာ ချုပ်ပြီးသား အကျႌအသစ်ကလည်း အဆင်သင့်မရှိတော့၊ ဖြစ်သလိုလည်းမပြောနိုင်သလို၊ လုံးဝတော့လည်း ပုံမလာတဲ့အဝတ်အစားနဲ့ မိသက်သွားခဲ့တယ်၊ လုံးဝတော့လည်း ပုံမလာတဲ့ အဝတ်အစားနဲ့ မိသက်သွားခဲ့မိတယ်။ လူကလည်းဝ၊ အကျႌကလည်း ပွဆိုတော့ အဘွားကြီးပုံ ပေါက်နေတာပေ့ါ၊ ရှင်းရှင်းဆိုရရင် မိသက်အဝတ်အစားတွေက ခေတ်ကုန်ပြီ၊ ပွဲမတိုးဘူးဆိုရမှာ ပေ့ါ၊ ဟိုရောက်တော့ တခြားအရာရှိကတော်တွေက မိသက်ကိုကြည့် အတင်းချနေလိုက်ကြတာ သိသာလွန်းပါတယ်။

“သြော် ဒါ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထက်ကတော်လား” လို့ အံ့သြနေကြဟန် လည်း ပေါက်နေကြတယ်။ ဒါကိုသိတဲ့ မိသက်မှာလည်း သူ့ကိုပြောနေ၊ ဆိုနေကြတာကို ဂရုမစိုက် ပေမဲ့ မကောင်းတတ်တာကြောင့် မချိသွားဖြဲကလေးနဲ့ ပြုံးပြုံးပြပြီး စိတ်ထဲမှာတော့ သိပ်ကိုကျဉ်း ကျပ်နေမိတယ်။ မင်္ဂလာအချိန် မြန်မြန်ကုန်ပါစေလို့ ဆုတောင်းနေမိတယ်။

ကြည့်ပါဦး သူတို့ကို ရုပ်ရှင်မင်းသမီးတွေ၊ အပျိုတွေတောင် ရှုံးရမဲ့ ပုံစံမျိုးတွေ အပြိုင်အဆိုင် ဝတ်ထားကြတာ၊ သည်နှစ်နာရီ ဒုက္ခခံဖို့ ဘယ်အချိန်ကများ ထပြင်လာကြတယ်မသိဘူး၊ မျက်နှာ တွေကလည်း ရဲလို့၊ နီလို့၊

ပြာလို့ အကျႌတွေကလည်း ဖဲဝမ်းဆက်၊ ဇာဝမ်းဆက် ပြောင်ပြောင်လက် လက်..အို.စုံနေတာပဲ၊ ဒေါက်မြင့်ဖိနပ်တွေကလည်း မနည်းဘူး၊ ဝတ်ထားလိုက်ကြတာ တစ်ယောက်တစ်မျိုး ပြိုးပြိုးပြက်ပြက်၊ တလက်လက်နဲ့ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း အစုံပဲ။ ဒေါက်မြင့်ဖိနပ်ဆိုတာကလည်း အမျိုးမျိုး၊ လှလည်း လှကြပါတယ်။ ဝတ်စားထားကြတာနဲ့အညီ လှလှပပ၊ ကြော့ကြော့မော့မော့လေးလည်း နေတတ်ကြတယ်။

မိသက်မှာတော့ နားကပ်ဝတ်ရင်တောင် နားယားတတ်တာမို့ မကောင်းပါဘူးလေဆိုပြီး ဝတ်လာခဲ့တာ၊ အချိန်လေး နည်းနည်းကြာလာတဲ့အမျှ နားကယားသလိုလို။ လက်စွပ်ဝတ်ထားတဲ့ လက်သူကြွယ်ကပဲ ယားသလိုလို၊ လက်ကောက်ကပဲ ကျပ်နေသလိုလိုနဲ့ ဖြစ်နေတာ။ ဒေါက်မြင့်ဖိ နပ်ကလည်း မစီးတတ်ပြန်တော့ ရိုးရိုးဝတ်ထားဦးမယ်လို့တော့ စိတ်ကူးရှိသား၊ အများသူငါတွေ လှပနေတဲ့ ကြားထဲမှာ ဖိနပ်ကပါးပါး၊ အရပ်ကပုပု၊ လူကဝဝနဲ့ဆိုတော့ ကြည့်ရတာ လူရယ်စရာများ ဖြစ်နေသလားပဲ၊ မိသက်က သိပ်ကြီးတော့လည်း မဝပါဘူး ကြည့်လို့ကောင်းပါတယ်၊ အကျႌက တအားပွနေလို့သာ လူကဝနေတာပါ၊ ကိုယ့်ကိုယ်ကို အမွှမ်းပြန်တင်ရတာ လေ၊ ဒါပေမဲ့ “အင်း ငါဝတ်လာတာ ပြောစရာ၊ ကဲ့ရဲ့စရာတော့ ဖြစ်နေပြီ ထင်ပါရဲ့” လို့လည်း ကိုယ့်ကိုယ်ကိုယ် စိုးရိမ်မိ သွားသေးတယ်။ ဟုတ်တယ်လေ၊ တော်ကြာ အစ်ကိုရုံးတတ်တဲ့နေ့ကျ ဆရာ့မိန်းမက အဘွားကြီး လိုပဲလို့ပြောရင် အစ်ကို စိတ်ကောင်းမှာမဟုတ်ဘူး။ မိသက်အပေါ်လည်း စိတ်ကုန်သွားမှာ စိုးရ သေးတယ်။

အဲသည်လို အတွေးမျိုးတွေ ဝင်ပြီးတဲ့နောက်ပိုင်း မိသက် သူ့နေရာနဲ့သူ သင့်တင့် လျောက် ပတ်အောင် ဝတ်စားပြီး သွားခဲ့ရတော့သည်။

သို့သော် ...။

သင့်တင့်လျောက်ပတ်အောင် ဝတ်စား သွားတာတောင် ဦးအောင်ထက် မိန်းမက ပွဲမတိုးဖူး ဘူးလို့ မကြားတကြား ပြောသံတွေကြောင့် မိန်းမပီပီ

အခံရခက်ပြီး မခံချင်စိတ်တွေ တဘွားဘွား ပေါ်လာခဲ့ရသည်။ နောက်ပွဲတွေမှာ တွေ့ကြသေးတာပေါ့လို့လည်း စိတ်ထဲမှာ ကြုံးဝါးမိလိုက်သည်။ ကိုယ့်ကိုယ်ကိုလည်း ပြင်လိုက်ရင်တော့ သူတို့ထက်တော့ သာမှာပဲလို့ တွေးထား၊ တေးထားလိုက်မိသေးသည်။

တေးထားသည့်အတိုင်း မင်္ဂလာပွဲတစ်ခုကို နွဲ့ရန် ကြုံကြိုက်ခဲ့လေသည်။ မင်္ဂလာပွဲမှာ နှစ်ပတ်လောက် လိုသေးတာကြောင့် နောက်ဆုံးပေါ် အဆန်းဆုံး အထည်ကို ဗိုလ်ချုပ်ဈေးတွင် ရှာဝယ်ပြီး အကောင်းဆုံး နာမည်ကြီးဆိုင်တွင် အမြန်ကြေးပေး၍ ချုပ်လိုက်သည်။ ဒေါက်မြင့်ဖိနပ် ကိုလည်း နောက်ဆုံးပေါ် ရွှေရောင် အကောင်းစားကို ဝယ်လိုက်သည်။ အကျီ၊ လုံချည်နှင့်လိုက်မည့်ပဝါ၊ လက်သည်းနီ၊ နှုတ်ခမ်းနီ စသည်တို့ကိုလည်း ဝယ်လိုက်သည်။ သွားမည့်နေ့ မနက်မှ အကျီအရောင်နှင့်လိုက်မည့် သစ်ခွပန်းကိုဝယ်မည်၊ မရောက်ခင် တစ်ရက်၊ နှစ်ရက်ကြိုပြီး ဈေးထဲမှာ မှာထားမည်ဟု စိတ်ထဲ တွေးထားလိုက်သည်။

"ဟော...ခုမှ သတိရတယ်။ တကယ့်အလိုဆုံးတွေမှ မေ့ဦးတော့မလို့၊ အကောင်းစားတွေ ဝတ်ပြီး ကိုယ်လုံးက ဖျက်နေရင် ဘယ်ပေါ်ပါ့မလဲ၊ ကိုယ်လုံးလှအောင် အတွင်းခံ ကောင်းကောင်း ရှာဝယ်ဦးမှ"

မိသက် လိုက်ရှာသည်။ ဟောတွေ့ပြီ၊ "သင့်ကိုယ်လုံး လှပအောင် ကော့ဆတ်(ဗိုက်စည်း)ရ မည်"တဲ့ အတော်ပဲ၊ ဆိုင်ထဲဝင်ကိုယ်ထည့်တိုင်းပြီး ဝယ်လိုက်သည်။ ဝတ်ပုံဝတ်နည်းကိုလည်း သင်ရသေးသည်။ အသင့်ချုပ်ပြီးသား ရှိလို့တော်ပေသေးသည်။ အဲ..တစ်ခု ကျန်နေသည်။ ဘော်လီ လည်းကောင်း၊ ဘော်လီဆိုင်ပြေး၊ ကိုယ်အတိုင်းနဲ့ နံပါတ်နှစ်ခုလျှော့ပြီး ဝယ်လိုက်သည်။ ဆိုင်ရှင် ကောင်မလေးက "အန်တီ အဲသည်လောက်နဲ့ဝတ်မှ ကိုယ်လုံးပေါ်မှာပေါ့" ဟု ပြောသည်။ မိသက် ကျေနပ်ပြီး ကျေးဇူးတင်သွားသည်။

စုံပြီလားလို့ တစ်ခုချင်း စဉ်းစားသည်။ စုံပြီဆိုမှ ကျေကျေနပ်နပ် အိမ်ပြန်လာခဲ့သည်။

မျက်နှာနှင့် ဆံပင်ပြင်ဖို့တော့ အလှပြင်ဆိုင် ဖွင့်ထားသည့် သူငယ်ချင်းကို ခေါ်လိုက်သည်။ တနင်္ဂနွေနေ့ စောစောလာရန် မှာခဲ့သည်။

မင်္ဂလာဆောင်မည့် သတို့သမီးမှာတော့ ဘယ်လိုနေမည်မသိ။ မင်္ဂလာဆောင်ကို သွားရမည့်သူ မိသက်ခမျာမှာတော့၊ ဝယ်လိုက် ခြမ်းလိုက်ရသည်မှာ ဖတ်ဖတ်မောသွားသည်။ အားလုံး ဝယ်ခြမ်း ပြီးတော့လည်း အေးဆေးသလားဆိုတော့ မအေးဆေးနိုင်သေး၊ ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသလို အစမ်းသဘောနှင့် အဝတ်အစားတွေဝတ်၊ ဒေါက်ဖိနပ်စီးလေ့ကျင့်နှင့် မင်္ဂလာဆောင်သွားရမည့်ရက်မရောက်မချင်း အိမ်မှာနေ့တိုင်းဝတ်ဝတ်ကြည့်နေရသည်။ ပြောင်းလဲ နေသည့် အမေကို ကလေးသုံးယောက်က အထူးအဆန်းသဖွယ်၊ အနားမှာ ထိုင်ကြည့်နေကြသည်။ “ဟာ..တို့မေမေက သိပ်လှတာပဲ” အလတ်မက ပြောလိုက်သည်။ မိသက် အတော်သဘောကျသွားသည်။ အကြီးကောင်ကတော့ သိပ်ကြိုက်ချင်ပုံမရ။ ဒါပေမဲ့ ဘာမှတော့ မပြော၊ မိသက်မှာတော့ ကလေးတွေရှေ့လည်း မရှက်နိုင်တော့ဘူး၊ ဘော်လီတွေ၊ ဗိုက်စည်းတွေ ကိုလည်း အိမ်ဖော်မလေးမိကြိုက်ကို ခေါ်ပြီး အတင်းမရအရ တပ်ခိုင်းရသည်။ ကိုယ်လုံးက ပေါ်ချင် လွန်းတော့ အသက်တွေအောင့်၊ ဗိုက်တွေရှုပ်ပြီး ချိတ်တွေကို မနည်းဆွဲတင်ရသည်။ ပြီးသွားတော့ ဗိုက်စည်းကျပ်လွန်းတာကြောင့် ခါးကကိုင်းချင်သလို ဖြစ်သွားသည်။ ကိုင်းချင်သလိုလိုဖြစ်နေတဲ့ခါး ကို ပြန်ဆန့်တော့ ဗိုက်ကကျပ်တင်းသွားသည်။ ဘော်လီအကျႌမှာလည်း ပုံစံခွက်ကသိပ်ချွန်နေ တော့ ရင်သားနဲ့အံမကျ ဖြစ်နေသည်။ သို့သော် မတတ်နိုင်၊ သည်အတိုင်း ဆွဲတပ်ထားပြန်တော့ လည်း အတွင်းသားနဲ့ လွတ်ပြီးချောင်ကျပ်ကြီး ဖြစ်နေသည်။ သို့သော် သို့သော်၊ အပေါ်ထွာ အကျႌ များကို ဝတ်ချလိုက်တော့ တကယ်ပါပဲ။ တကယ်ပါပဲ မှန်ထဲက မိသက်က မိသက် အစစ်မှဟုတ်ရဲ့ လားလို့တောင် ထင်မိတယ်၊ ဒါတောင် ဆံပင်တို့ မျက်နှာတို့ ပြင်ရသေးတာ မဟုတ်သေးဘူး။ ကြည့်လို့ မဝနိုင်တဲ့ မိသက်၊ မှန်ရှေ့မှာ ကိုယ်ကို

နှစ်ပတ်၊ သုံးပတ် လှည့်ကြည့်နေသည်။

“ဟတ်ချိုး၊ အမယ်လေးတော်”

မထင်မှတ်ဘဲ၊ အရေးထဲမှ နှာကချေလိုက်သည်။ ကျပ်ထုပ်တင်းရင်းနေသည်ကြောင့် ရင် ဘတ်တွေ၊ ဗိုက်တွေ အောင့်သွားသည်။

နှာချေသံနှင့်အတူ “ဖြုတ်” ဆိုသည့် အသံကိုလည်း ကြားလိုက်ရသည်။

“ဘုရား၊ ဘုရား ဘာတွေများ ပြုတ်ထွက်ကုန်ပါလိမ့်” ချုပ်ရိုးတွေများ ပြေကုန်သလားပဲ။

အဖြေရှာကြည့်လိုက်တော့၊ ဗိုက်စည်း ချိတ်တစ်ချောင်း ပြုတ်ထွက်သွားသည်။

“တော်ပါသေးရဲ့ ဟိုနေ့ကျမှသည်လိုဖြစ်ရင် ဒုက္ခ၊ ခိုင်ခိုင်ပြန်ချုပ်မှ”

မနက် မိုးလင်းကတည်းက မိသက် ရင်တွေမောနေသည်။ အရေးထဲ အိပ်မက်ကလည်း မိုး လင်းကာနီး မက်လိုက်သေး၏ ။ မင်္ဂလာဆောင်သွားဖို့အတွက် လုနေအောင် ဖြီးလိမ်း၊ ပြင်ဆင်ပြီး ကာမှ ဒေါက်မြင့်ဖိနပ်က ပျောက်နေ၏ ။ ရှာလို့ကိုမတွေ့နိုင်၊ ရှာရင်း ရှာရင်း မောလို့လာသည်။ နောက်ဆုံးတော့ ဖျတ်ခနဲ လန့်နိုးလာသည်။ ချက်ချင်းထပြီး ခြေရင်းဖိနပ်ထားသည့်နေရာကို လှမ်း ကြည့်မိသည်။ ဖိနပ်ကလေးကတော့ မရွေ့၊ ကွကြွရွရွလေး သည်အတိုင်းရှိနေသည်မို့၊ စိတ်ချလက် ချ သက်ပြင်းချရင်း အိပ်ရာပေါ် ပြန်လှဲလိုက်မိသည်။ ရင်ကတော့ အမောမပြေသေး။

ဇော-ဇော ၊ နှစ်နာရီ ဒုက္ခခံရန်အတွက် မိုးမလင်းမီကတည်းက ဇော၊ ခုနေများ သေသွားရင် ဖိနပ်ကိုစွဲပြီး သေမှာမို့ မကျွတ်ဘဲ ရှိနေတော့မှာပဲလို့လည်း တွေးလိုက်မိသေးသည်။

ထမှ - ထမှ၊ အိပ်နေလို့ မဖြစ်သေးဘူး၊ ပန်းမှာထားတာ သွားယူရဦးမှာ၊

အသေအချာတော့ မှာထားတာပဲ၊ ဒါပေမဲ့ ကိုယ့်လိုမှာ ထားတဲ့ သူတွေကလည်း ရှိနေဦးမှာဆိုတော့ စောစောသွားမှ ကောင်းကောင်းရမှာ။

နေ့လယ် ဆယ့်တစ်နာရီမှ အလှပြင်ပေးမည့် သူငယ်ချင်းက မှာထားခဲ့သည့်အတိုင်း အချိန် တိကျစွာ ရောက်လာ၏။ မိသက်မှာ စိတ်စောနေတာက တစ်ကြောင်း၊ ဗိုက်ပိုပူမှာစိုးသည်က တစ် ကြောင်းကြောင့်၊ မနက်စာကို အနည်းငယ်စားလေသည်။

ဆယ့်တစ်နာရီခွဲမှာတော့ မိသက် အလှစပြင်ပါတော့သည်။ ညှော်ခံပွဲက လေးနာရီက ခြောက်နာရီဆိုတော့ ပြင်ပြီးမှာနဲ့က အတော်ပဲဟု တွေးလိုက်သည်။

ပထမ မျက်နှာကို ရေနွေးနှင့် သစ်လိုက်သည်။ ပြီးတော့ မျက်နှာသုတ်ပဝါနှင့် ခပ်ပြေပြေ သုတ်ပြီး လိမ်းစရာရှိသည်များကို တစ်ဆင့်ချင်း လိမ်းပေးသည်။ ခပ်ကြမ်းကြမ်းလေး ပွတ်လိုက်၊ နုနုလေးပွတ်လိုက်နှင့် မျက်နှာလိမ်းတာပဲ နာရီဝက်ကျော်မည်ထင်သည်။ လိမ်းလို့မပြီးခင်မှာပင် ရာသီဥတုက ပူပြင်းတာကြောင့် ချွေးက စို့လာသည်။ ဖွင့်ထားသည့် လေအေးစက်နှင့်ပင် မလုံ လောက်သောကြောင့် ပန်ကာယူ၍ အနားကပ်ပြီး ဖွင့်ထားလိုက်သေးသည်။

ဆံပင်ပြင်ဦးမှာမို့ ပန်ကာကို ပြန်ပိတ်ရပြန်သည်။ လိမ်းနေမကျတော့ မျက်နှာထူအမ်းပြီး စေးကပ်နေသည်ဟု ထင်ရသည်။ မှန်ထဲကြည့်ပြန်တော့လည်း ကြွေရုပ်ကလေးလို လှနေသည်ဆို တော့ ထူပါစေ၊ ကပ်ပါစေပေ့ါ။ အစမ်းသဘောတွေ ဝတ်ထားတာကြောင့်လည်း တကယ့်နေ့မှာ အစဉ်ချောနေသည်။ နာရီကြည့်တော့ နှစ်နာရီ ထိုးနေပြီ၊ လက်ဝတ်လက်စား မဝတ်ရသေး၊ ပဝါမခြုံ ရသေး၊ အားလုံးပြီးတော့ သုံးနာရီထိုးပြီ။

သို့သော် ဆံပင်လေးသပ်လိုက်၊ ပဝါလေးတင်လိုက် ၊ ဟိုလှည့်သည်လှည့်နှင့် မှန်ကြည့်နေ သေးသည်။ မိသက်ပြီးတာတောင် ယောကျ်ားက

ရေမချိုးရသေး၊ အိမ်ရှေ့မှာ စာဖတ်နေတုန်း။

“ယောက်ျားရေ..ပြီးပြီ” လို့ အော်ပြီး ဆယ့်ငါးမိနစ်လောက်ပဲ ကြာတယ် ယောက်ျားကတောင် အိမ်ရှေ့ထွက်ထိုင်နေပြီ။ မိသက်မှာ မှန်ရှေ့မှမခွာနိုင်သေးဘူး၊ “ကဲ.. သွား မယ် မိန်းမရေ၊ နောက်ကျနေဦးမယ်” ယောက်ျားရဲ့ အော်သံအဆုံး၊ မိသက်မှာ ပဝါနှစ်စ အသာချ ၊ ဒေါက်မြင့်ဖိနပ် လှလှပပကို ကြွကြွရွရွလေးစီးပြီး တစ်လှမ်းချင်း ထွက်ခဲ့လေသည်။

“ယောက်ျားရေ..ကြည့်ပါဦး”

ခါတိုင်းပုံပဲနေမှာပါလို့ တွေးထားတဲ့ဟန်နဲ့ ဆေးလိပ်မီးညှိရင်း လှည့်ကြည့်လိုက်တဲ့ ယောက်ျားက “သက်” လို့ အံ့သြတကြီးနှင့် ကြည့်နေလိုက်သည်။ ပြီးမှ “ဟာ..မိန်းမ ငါ့မိန်းမ လှလှ ချည်လား” လို့ဆိုပြီး မိသက်ကို လာဖက်သည်။

“အို..နေပါ၊ ပျက်ကုန်တော့မှာပဲ”

ယောက်ျားက လှသည်ဆိုတော့ အတွင်းကျပ်နေသည့် အတွင်းခံများပင် ချောင်သွားသ ယောင်ယောင်၊ လှချည်လွန်းတော့လည်း အတွင်းကကျပ်နေတာ၊ ခေါင်းကလေးနေတာ၊ မျက်နှာ က စေးထန်နေတာတွေကို သတိမထားမိတော့။

သို့သော် ကားပေါ်ထိုင်မိပြန်တော့ ကော့ဆက်(ဗိုက်စည်း) က ပိုလို့ကျပ်သွားသည်ဟု ထင်မိသည်။ အနောက်ကနေ ရှေ့သို့ ပြန်သိုင်းထားသည်မှာ ကြိုးနှစ်စကလည်း ပေါင်ခြံခိုးလိုးခုလု ဖြစ်နေပြန်သည်။ သို့သော် မိသက် သတိကိုဖျောက်၍ မသိဟန်ပြုကာ ကြော့ကြော့မော့မော့လေး ဖြစ်အောင် ထိုင်လိုက်ပြီး ကားပေါ်ပါသွားသည်။

အင်းလျားလိတ်ဟိုတယ်ရောက်တော့ သတိထား၍ ကားပေါ်မှ ကြော့ကြော့မော့မော့လေး ဣန္ဒြေမပျက်ဆင်းလိုက်သည်။ အမြဲဝတ်စားသွားလာနေသူများအဖို့ သတိမထားမိသော်လည်း မိသက်မှာတော့

ကိုယ့်ကိုယ်ကိုယ် သတိထားနေမိသည်။ မျက်နှာကိုလည်း ရိုးနေပြီဆိုတဲ့ ဟန် ပေါက်အောင် မော့ထားရသေးသည်။ ဒေါက်မြင့်ဖိနပ်နဲ့ ချောင်မကျအောင်လည်း ယောကျ်ားလက် မောင်းကို ဖေးတွဲရင်း ဟိုတယ်ထဲဝင်လိုက်သွားသည်။

ခန်းမထဲမှာ လူတွေက ပြည့်နေပြီ၊ သတိထားနေပါမှ ခန်းမအလယ်အဝိုင်းကြီးအဝင် လှေ ကားထစ်မှအဆင်း ဒေါက်မြင့်ဖိနပ်ချောင်သွားပြီး လဲမလိုဖြစ်သွားလို့ ယောကျ်ားကို လှမ်းဆွဲလိုက် ရ၏ ။ ရှက်လိုက်တာ မျက်နှာကို ထူပူသွားတာပဲ။ ဒါပေမဲ့ရှက်တာကို ဘေးချိတ်ပြီး ဘာမှမဖြစ်သလို ခပ်တည်တည်နေလိုက်သည်။ ရုံးက အရာရှိကြီး၏ သမီး မင်္ဂလာဆောင်ဆိုတော့လည်း အရင်လူ တွေနဲ့ပဲ ပြန်ဆုံတွေ့ရသည်။ သူတို့မျက်နှာတွေမှာတော့ ထူးဆန်းခြင်း၊ အံ့ဩခြင်းဟန်တွေက အထင်သားပေါ်နေသည်။ အဆိုတောတွေဘက် ကြည့်သလိုလိုနဲ့ မိသက်မျက်လုံးတွေက တစ်ခန်း လုံးကို မသိမသာ ဝှေ့ယမ်းလိုက်တော့ နီးစပ်ရာလူကို လက်တို့ပြီး ပါးစပ်အဟောင်းသားနဲ့မိသက်ကို ကြည့်နေကြမှန်း မိသက်သိလိုက်ရသည်။

အဆိုတော်တွေကလည်း နာမည်ကြီးတွေချည်းဖြစ်သည်။ တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျ ဆိုသွားသည်။ ထိုင်ရတာ နာရီဝက်လောက်ကြာတော့ ဇာတိက နည်းနည်းပြလာသည်။ အတွင်းမှာ ကျပ်ထုပ်တင်းရင်းနေတာတွေက သိသာလာသည်။သတို့သား နဲ့သတို့သမီးကလည်း ထွက်ခဲပါဘိ။

သီချင်းသံတိတ်သွားသည်။ လူတွေအနည်းငယ် လှုပ်ရှားလာသည်။ သတို့သား၊သတို့သမီး လာတော့မည်ထင်သည်။

သိပ်မကြာလိုက်ပါ သတို့သား၊ သတို့သမီးနှင့်နှစ်ဖက် ဆွေမျိုး၊ တင်တင်မြ၏ “အခါတော် ပေး” သီချင်းနှင့် တစ်လှမ်းချင်း လှမ်းလို့ ခန်းမတွင်းကို ဝင်လာကြသည်။

သတို့သားနှင့် သတို့သမီးတို့ အစမှအဆုံး နေရာယူပြီးသည်အထိ မျက်တောင်မခတ်လိုက် ကြည့်နေမိသည်။ တဒင်္ဂအတွင်း ကိုယ်တွင်းခံစားနေရသည့် ဒုက္ခကိုမိသက်ခဏတာမေ့လျော့လို့ သွားသည်။

သို့သော် မင်္ဂလာဘိသက်ဆရာ၏ ဘိသိက်သွန်းလောင်းနေချိန်မှာတော့ မိသက် ဒုက္ခလှလှ ခံနေရပါပြီ။ တခြားသူတွေတော့ မသိ၊ မိသက်မှာ ဘိသိက်ဆရာ၏ အသံကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသည်။ လေအေးစက်တပ်ထားသည့် ခန်းမကြီးပင် ဖြစ်လင့်ကစား လူငွေ့များ နှင့်မို့ အအေးကလျော့ပြီး အိုက်စက်ပူလောင်နေသည်။ ကိုယ့်ကိုယ်ကို သတိထားလိုက်မိကာမှ ဘော်လီအကျႌကျပ်ကျပ်ထဲ ပိုးကောင်ဝင်သလိုလို၊ ကော့ဆက်(ဗိုက်စည်း)ထဲ ပုရွက်ဆိတ်ဝင်နေ သယောင်ယောင်၊ ယားကျိကျိ ဖြစ်နေသည်။ အိုက်တာက တစ်မျိုး၊ ကျပ်တာကတစ်မျိုး၊ ချွေးထွက် တာကတစ်မျိုးနှင့် တော်တော့်ကို မနေနိုင်မထိုင်နိုင်၊ ကသိကအောက်ဖြစ်နေသည်။ ကျောပဲ ကုတ် ချင်သလိုလို၊ ဗိုက်ပဲကုတ်ချင်သလိုလို ရိုးတိုးရွတ ဖြစ်နေသည်။

ခေါင်းပေါ်မှ အတုတစ်ဝက် အစစ်တစ်ဝက် ရောထုံးထားသည့်ဆံထုံးကြီးကလည်း လေးပြီး ကြော့ကြော့မော့မော့ဟန်လုပ်နေရသည့် မိသက်အဖို့ ကြာတော့ ဇက်တွေလေးပြီး ခေါင်းတွေအုံ လာသည်။ ပခုံးတွေ ညောင်းလာသည်။ မျက်နှာကလည်း မိတ်ကပ်တွေကြောင့် စေးထန်းထန်း ပူ လောင်နေသည်။နားသယ်စပ်မှ ကျသည့် ချွေးစီးကို လက်ကိုင်ပဝါနှင့် မသိမသာတို့လိုက်သည်။

ယောက်ျားကတော့ စီးကရက်လေးဖွာ၊ ဒူးကလေးနန့်နှင့် မိသက်ကိုမမြင်ဖူးသလိုလို ကြည့် နေသည်။ မောင့်အကြည့်ကြောင့် ပို၍ အနေကျပ်ကာ ရှက်သွားမိသည်။ မိသက်စိတ်ထဲကတော့ မင်္ဂ လာဆောင်ပြီးကာ အိမ်ကို မြန်မြန်ပြန်ချင်နေသည်။ အိမ်မှာနေနေကျ ဘီးကျော်ပတ်နှင့် အတွင်းခံမ ပါဘဲ၊ ဘလောက်စ်ပွပွကို ဝတ်၊ ထဘီအသားပျော့ပျော့ ပါးပါးလျားလျားနှင့်

ဘယ်လောက် လွတ်လပ်လိုက်မလဲ လူကို အေးသွားမှာပဲ။ အခု ချက်ချင်းသာ ချွတ်ပြီး လဲလိုက်ချင်တော့တာပဲ။

"ဟင်း"

အသက်ကို တစ်ချိန်လုံးလိုလို အောင့်ထားရတာ ကြောင့် မေ့ပြီး သက်ပြင်းကို အားပါးတရ ချလိုက်မိသည်။

"ဟင်း" ဆိုသည့် သက်ပြင်းချသံနှင့် အပြိုင်ထွက်လာတာက "ဖြုတ်" ဆိုသည့်အသံ။

"ဘုရားရေ.."

မိသက် ဘုရားတလိုက်မိသည်။ ဘေးလူများ သိသွားမလားလို့လည်း စိုးရိမ်ပြီး ဟိုလှည့်သည်လှည့် မသိမသာ ကြည့်လိုက်မိသေးသည်။

"ဒုက္ခပဲ ၊ ဘယ်ချိတ်ပြုတ်သွားပြန်ပြီလဲ မသိဘူး"

မိသက် ချက်ချင်းအသက်ကိုပြန်အောင့်ကာဗိုက်ကို အတတ်နိုင်ဆုံးရှုပ်လိုက်သည်။ သူများတွေ ရိပ်မိကုန်မှာလည်း စိုးတာကြောင့် ကိုယ်ကို ပြန်ပြင်ပြီး က္ကန္ဓြေမပျက်နေလိုက်သည်။ နဂို ကထက်ပို၍ ကြော့ကြော့မော့မော့လေး လုပ်ထိုင်လိုက်သည်။

စီးစမရှိသည့် ဒေါက်မြင့်ဖိနပ်ကို ကျွတ်ထွက်သွားမှာ စိုးတာကြောင့် ထိုင်နေတာတောင် မေ့ ပြီး အတင်းစွတ်ထားမိလေသည်။ဖိနပ်ကို အတင်းစွတ်ထားတော့ ခြေသန်းတွေ၊ ခြေဖမိုးတွေက နာ လာသည်။

သည်မင်္ဂလာပွဲ တက်ရောက်လာသူတွေထဲမှာ မိသက်လောက် စိတ်ညစ်နေမိသူ ရှိမည်မ ထင်။ မိသက်စိတ်ထဲ မင်္ဂလာပွဲမြန်မြန်ပြီးပါစေဟုသာ ဆုတောင်းနေမိသည်။

"မြန်မြန် မောင်းစမ်းပါ ယောကျာ်းရယ်"

ပြောလည်းပြော၊ ထဘီကိုလည်း အသာလျှော့ပြီး ကော့ဆက်(ဗိုက်စည်း)အပေါ် ချိတ်နှစ် ချိတ်ကို ဖြုတ်လိုက်သည်။ နည်းနည်းတော့ နေရထိုင်ရ သက်သာသွားသည်။

"ဘာတွေများ သည်လောက်တောင် လောနေတာလဲ မိန်းမရာ"

"အို...မြန်မြန်သာ မောင်းစမ်းပါ၊ သည်မှာစိတ်က ကျဉ်းကျပ်လှပြီ"

"ဘာ စိတ်ကျဉ်ကျပ်တာလဲ မိန်းမရာ၊ သည်နေ့ မိန်းမက တကယ်လှတယ်၊ ကြည့်လို့ကို မဝဘူး၊ အထွက်မှာ ရုံးက အရာရှိတချို့က ဘယ်တုန်းက နောက်မိန်းမယူလိုက်တာလဲလို့ စနေကြ သေးတယ်"

"တော်စမ်းပါယောကျ်ားရာ သည်မှာဖြင့် စိတ်ကုန်ရတဲ့အထဲ"

အိမ်ရောက်သည်နှင့် မိသက်မှာ ဣန္ဒြေမဆည်နိုင်တော့

"ဟဲ့ မိကြိုင်..လာစမ်း၊ ခေါင်းက ကလစ်တွေ ဖြုတ်ပြီး ဆံပင်ကို မြန်မြန်ဖြေချပေးစမ်း"

မိသက်မှာ ပြောလည်းပြော။ အကျႌကိုလည်း ချွတ်၊ အတွင်းခံချိတ်ကို အမြန်ဆုံးဖြုတ်လိုက် သည်။ ပြီး ရေချိုးခန်းထဲဝင် အိုက်စပ်ပူလောင် ချွေးပြန်နေသည့် မျက်နှာကို အားရပါးရ သစ်ပစ် လိုက်သည်။ နှစ်နာရီတိတိ ကျင်းပသည့် မင်္ဂလာပွဲသည် အများတကာအတွက် ပျော်ရွှင်စရာ သုခ ဖြစ်သလို၊ မိသက်အတွက်မှာတော့ စိတ်ညစ်စရာဒုက္ခ ဖြစ်ခဲ့ရပေသည်။

"အမယ်လေး၊ အခုမှပဲ နေသာထိုင်သာ ရှိတော့တယ်"

ဘီးကျော်ပတ်ကို ဖြစ်သလိုပတ်၊ ရင်ရှားကြီးနှင့် လေအေးစက်ဖွင့်ထားသည်ကိုပင် အေးသည်မထင်ဘဲ၊ လက်က ယပ်တောင် တဖျပ်ဖျပ်ခတ်ပြီး တစ်ကိုယ်လုံးနီးနီးကို တဖြင်းဖြင်း ကုတ်နေသည့် မိန်းမကို ယောကျ်ားက အံ့ဩတကြီး ကြည့်နေမိသည်။

“ဟ ..ဟ .. ဘယ်လိုဖြစ်တာလဲ မိန်းမရာ၊ မင်းဟာကလဲ ..ခုနကနဲ့ တခြားစီပါလား၊ စိတ် ကုန်ချင်စရာကြီး”

ယောက်ျားအပြောကို မိသက် ဘာမှ ပြန်မရှင်းပြနိုင်။

စောစောက အသက်ရှူ ကျဉ်းကျပ်လာခဲ့သမျှ အခုမှ အတိုးချပြီး မျက်လုံးကိုမှေး၊ အသက်ကို တစ်ဝကြီး ရှူလို့နေပါတော့သည်။

ဝါဝါထင်လင်း

၁၉၈၈ -ခုနှစ် ၊ ဇွန်လ-တိုင်းရင်းမေဂျာနယ်

## ကျွန်မကို ဒီလိုပြောခဲ့တာ

လေးလံတယ်လို့ ထင်ရလောက်အောင် ပစ္စည်းတွေအပြည့်အသိပ်နဲ့ ပလတ်စတစ်ခြင်း တောင်းကို ဖေးကူမလို့ ဆွဲပေးမည်အပြု-

“အို..နေနေ...ညည်းမ မနဲ့၊ ညည်းက နှလုံးရောဂါသည်တစ်ယောက်ပဲ။ ဒီတောင်းကိုမလို့ ဘယ်ဖြစ်မလဲအေ”

ဒါ ဆရာဝန်ကြီးတစ်ယောက်က လူနာကို ပြောလိုက်သည့်စကား။

“အို..နေပါစေ သမီးရယ်၊ သမီးက ကောင်းကောင်းနေကောင်းတာမှ မဟုတ်တာ”

ဟု ချိုချိုသာသာပြောလို့ မရပေဘူးလား။ ဆရာဝန်တစ်ယောက်၏ အကြင်နာစီးကြောင်းနဲ့ ချိုမြတဲ့စကားသံဟာ လူနာတစ်ယောက်၏ တိတိပပဖြစ်နေသည့် ရောဂါဝေဒနာကို ပျောက်လုနီးပါး ခံစားဖြစ်ပေါ်စေတယ်ဆိုတာ မသိလေရော့သလား။

ခုတော့ ကျွန်မ၏ ရင်တွင်းနှလုံးအိမ်မှာ တိတိပပနှလုံး ရောဂါဖြစ်ရမည့် ဝေဒနာထက် ဆိုးဝါး လှစွာသော ဝေဒနာတစ်ရပ်ကို စူးအောင့်စွာပဲ နင့်နင့်သီးသီး ခံစားလိုက်ရပါသည်လေ။ ဝမ်းနည်းမှု ကြောင့် လျှံတတ်လာသည့် မျက်ရည်ကို တင်းတင်းကြိတ်လို့ ထိန်းချုပ်ထားလိုက်ရသည်။ အကြောင်းသိ မောင်က “ကားလာပြီ ဝါ တက်စို့”

မောင်က ကျွန်မ၏ လက်ကို ကြင်နာစွာနဲ့ တစ်လျှောက်လုံး ဆုပ်နယ်နေသည်။ မောင်နဲ့ ကျွန်မတို့၏ တစ်နေ့တာ နာရီအနည်းငယ်မျှသော အပျော်စိတ်တို့က အချိန်တိုတိုလေးအတွင်းမှာ ပြိုပျက်လို့သွားခဲ့ရပြီ။

မောင့် အကြင်နာစိုးရိမ်မျက်ဝန်းတို့က ကျွန်မ၏ မျက်နှာပေါ်မှာ ဝေ့ဝဲလို့နေသည်။ ဟုတ်ပါသည်ပဲ။ နှစ်ဦးစလုံး မေ့ဖျောက်ထားသည်ကို နှိုးဆွလို့ သတိရစေသည်ကိုး..။

ကိုယ့်ရဲ့ ခဏတာကျေးဇူးရှင် အန်တီဆရာဝန်မကြီးကို ဆုံတွေ့ခိုက်၊ ဈေးခြင်းတောင်အ ပြည့် အသိပ်နှင့် မနိုင့်တနိုင် ဖြစ်နေသည်ကို ဖေးကူ "မ" ပေးချင်သည့် ကျွန်မ၏ စိတ်အစဉ်သည် ချည့်နဲ့လွင့်ပျောက်လို့ သွားရပါပြီ။ လိုက်မမီနိုင်တဲ့ အဝေးတစ်နေရာဆီသို့ လွင့်စဉ်ပျောက်ကွယ် သွားပါပြီပေါ့။

ဆေးရုံတက်စ နဂိုနေ မပျောက်သေးသည့် လက်သည်းအရှည်၊ ခြေသည်းအရှည်ပေါ်မှ ဆိုးဆေးပန်းရောင် မပြယ့်တပြယ်တို့ကိုကြည့်ရင်း "လူနာဆိုတာ ဒီလိုလက်သည်းအရှည်၊ ခြေသည်းအရှည်ထားပြီး ဆေးဆိုးထားရင် ဝေဒနာကို သေချာစမ်းစစ်လို့ မရဘူး"ဟု ကျွန်မ၏ လက်ချောင်းလက်ဆစ်တို့ကို ပွတ်သပ်ဖိရင်း အန်တီဆရာဝန်မကြီးက ပြောသည်မို့ အနီးရှိ လူနာဆီမှ လက်သည်းညှပ်ငှားကာ မဆိုင်းမတွပင် အားလုံးကို ကိုက်ဖြတ်ရှင်းလင်းထုတ်ပစ်လိုက် သည်။

ဆေးရုံတက်ပြီး တစ်ပတ်အကြာမှာတော့ ကျွန်မ၏ ရောဂါ နှလုံးရောဂါဖြစ်ချင်သည့် အခြေ ခံမူလအစပဲဟု သတ်မှတ်လိုက်ကြောင်း သိလိုက်ရသည်။

သိလိုက်သည်နှင့် တစ်ပြိုင်နက် မျက်စိကိုစုံမှိတ်လို့ ကျွန်မ၏ နှလုံးအိမ်ကို လက်ဝါးနှင့် အသာဖိကပ်ထားလိုက်မိသည်။ ဟုတ်မှာပါပဲလေ။ ကြည့်စမ်းပါဦး၊ နှလုံး၏ ရိုက်ခတ်မှုဒဏ်ဟာ လူတစ်ကိုယ်လုံးလှုပ်ခါနေသလိုပါပဲလား။ ဖိကပ်ထားတဲ့ လက်ဝါးကိုဖယ်လို့ လှုပ်ခတ်နေသလိုပါပဲ လား။ ဖိကပ်ထားတဲ့ လက်ဝါးကိုဖယ်လို့ လှုတ်ခတ်နေသည့်နေရာကို မျက်တောင်မခတ် စူးစိုက် ကြည့်နေမိရာ၊ နှလုံး၏

ပြင်းထန်သော ရိုက်ခတ်မှုကြောင့်ထင်ရဲ့။ အပေါ်ဖုံးအကျႌသည်ပင်လျှင် သိသာထင်ရှားစွာ တန်ပြန်လှုပ်ခတ်နေကြောင်း တွေ့ရသည်။ ကြည့်နေရင်းမှပင် ပိုလို့ခုန်လာသလို ထင်မှတ်ရပြီး ကျွန်မကို မူးဝေလို့ မောဟိုက်သွားစေခဲ့သည်။

မြန်မာအခေါ် လေးဖက်နာဆိုသည်နှင့် နှလုံးရောဂါ၏ အခြေခံအစပါပဲလို့ သတ်မှတ်ကြ သည် မဟုတ်ပါလား။

အဆစ်အမြစ်တွေ ရောင်ရမ်းကိုက်ခဲပြီး ဖျားသည်ကြောင့် Rheomatic Fever ဟုလည်း ဆိုသည်။ Rhe Omatail Arthritis လို့လည်းပြောသည်။ ဒီတော့ သောက်ရသည့်ဆေးတွေကိုပဲ ကြည့်။ အကိုက်အခဲပျောက်ဆေးအပြင် Penicillion-V ပါသည်။ Prednisolone ပါသည်။ Chloram-phenicol ပါသည်။

အဲ့ဒါ သောက်ဆေးပဲရှိသေးသည်။ ထိုးဆေးမပါသေး။ ထိုသောက်ဆေးအရှိန်တွေက ထပ်ဆင့်လို့ ကျွန်မကို မူးဝေယိမ်းယိုင်စေပြန်သည်။

ဆေးရုံမတက်မီ အိမ်မှာ တစ်ပတ်လောက် အဖျား (၁၀၃) ကနေမကျ။ ပိုဆိုးသည်က ခြေတွေ၊ လက်တွေ၊ အဆစ်တွေ ကိုက်ခဲနာကျင်ပြီး အထိမခံနိုင်တာဘဲဖြစ်သည်။ နာကျင်တာမှ တစ်ဖက်ကနေတစ်ဖက် အလှည့်အပြ၊ အစောင်းအရွေ့မှာတောင် အံကြိတ်ပြီး အလူးအလဲ အားယူလို့ လှည့်စောင်းရသည်ပဲ။ နောက်ဖေးနောက်ဖီ သွားချင်ရင်လည်း အရှက်ကြီးတတ်သည့် ကျွန်မကို မေမေနှင့် မောင်လေးတို့က ရေအိမ်ထိတိုင် ပွေ့ချီ “မ” လို့ ပို့ပေးရသည်။ နည်းနည်းလေး ထိလိုက်ရင်တောင် တအားနာတာမို့ ပွေ့ချီ“မ” ချီရင်ပဲ အံကြိတ်ပြီး ရှုံ့မဲ့လို့ အောင့်ခံရသည်။

ပတ်ဝန်းကျင်၏ အပြောနှင့် တရုတ်ဆေးလည်း စည်းလိုက်ရသေးသည်။ ဆေးပတ်တီးစည်း ပြီး အပေါ်မှ အရက်လောင်းပေးဆိုသည်ကြောင့် အရက်လည်းလောင်းပါသည်။ မသက်သာပါ။ အဖျားကလည်း မကျ၊ နာကျင်ကိုက်ခဲတာကလည်း မပျောက်နှင့် နောက်ဆုံးတော့ ဆေးရုံရောက်ရ

တော့သည်ပဲပေ့ါ။ မောဟိုက်ပင်ပန်းလွန်းတာကြောင့် သတိက ရတစ်ချက်၊ မရတစ်ချက်ပေ့ါ။

ဆေးရုံတက်ဖို့ဖောင်ဖြည့်၊ အိပ်ရာခင်း၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင်စသည့် ပစ္စည်းထုပ် တာကအစ အမေနှင့်ညီမလေးတို့က လိုက်လုပ်ပေးရသည်။ ကျွန်မကတော့ လက်တွန်းလှည့်းပေါ်မှာ ဆေးရုံအကူ ခရမ်းရောင်ထဘီဝတ် အဒေါ်ကြီးက တွန်းလှည်းကို အသာ ဖော့လို့ တွန်းပေးပါသည်။ သို့သော် ကွန်ကရစ်ခင်းထားသည့် စကြ်ာလမ်းတစ်လျှောက် အဖုအထစ်၊ ချိုင့်ခွက်သေးသေးလေးတွေ အပေါ်ဘီးကျသွားရင်တောင် အံကြိတ်ပြီးခံရသည်။ လူကို လှုပ်ခါလို့ နာကျင်အောင် ရိုက်လိုက်သည့်အတိုင်းပေကိုး။ အခြေအနေက အဲ့ဒီလောက် ထိဆိုးသွားသည်ပဲ။

စတက်သည့် စနေနေ့ညမှစလို့ ဗုဒ္ဓဟူးနေ့ထိ စဥ်ဆက်မပြတ် Drip ပုလင်းများသွင်းရသည်။ ညာဘက်ပြီး ဘယ်ဘက်၊ ဘယ် ဘက်ပြီး ညာဘက်၊ ခုတင်က ထောင့်စွန်းနံရံကပ်နေသည်မို့လည်း ခေါင်းရင်းလှည့်ပြောင်းအိပ်၊ ခြေရင်းလှည့်ပြောင်းအိပ်နှင့် သွင်းရသည်။

ဝေဒနာက နာတာတစ်မျိုး၊ အပ်ထိုးလို့ နာတာကတစ်မျိုး လူမှာ ရှုံ့တွန့်နေသည်။ နာကျင် သည့် အဆစ်အမြစ်တွေပေါ် ရေခဲတင်ခိုင်းသည်မို့လည်း ရေခဲတင်ပြန်တော့ လူမှာ ချမ်းတုန်ခိုက်ရ ပြန်ပါသည်။

Drip ၁၆ ပုလင်းသွင်းပြီးပါမှ လူက နည်းနည်းဟုတ်တုတ်တုတ်ဖြစ်လာသည်။ သို့သော်နံရံ ကိုတော့ မှီပြီး၊ မှေးပြီးလမ်းလျှောက်ရတုန်းပါ။ ဆေးဒဏ်တွေကြောင့် ထင်သည်၊ လူမှာ မူးဝေပြီး ယိုင်လဲချင်နေသည်။

နှလုံးရောဂါ၏ မူလ အခြေခံအစပဲလို့ သိရသည်နှင့် ဖေဖေရော မေမေပါ စိတ်မကောင်းခြင်း ကြီးစွာနှင့် စိတ်ဆင်းရဲရသည်။

"ငါ့သမီးကြီးတော့ ဒီဘဝ သွားပါပြီကွာ"

ဟုလည်း ဖေဖေက ညည်းနေတတ်သည်တဲ့။ ထင်ပါသည်။ ရှေ့တူရူ အဝေးတစ်နေရာဆီ သို့ ရီဝေစွာ စိုက်ကြည့်နေသော်လည်းဘဲ မသိစိတ်နှင့်သိစိတ် ရောနှောလို့ သမီးကြီးအတွက် သောကတွေနှင့်ပူပန်ကာ ဖေဖေတစ်ယောက် မျက်လုံးအိမ်ထဲမှာ ဘာကိုမျှ မြင်မည်မဟုတ်ပါ။

ဝေဒနာဆိုတာ မကြေညာဘဲနှင့် လာတတ်သည်တဲ့။

ခုတော့ ဒီလိုမဟုတ်ပါလား။ နှလုံးရောဂါဖြစ်ချင်ပြီ။ ဖြစ်တော့မှာလို့ ကြေညာခံထားရသူ တစ်ယောက်ဖြစ်နေပြီ မဟုတ်ပါလား။ ဘယ်လိုနေမလဲ၊ ဘယ်လိုနေရမလဲ။ နှလုံးအိမ်မှာ တုန်လှုပ်က် လို့ ပိုလို့မောလျှရပါသည်။

အကြေညာခံရသူ ကျွန်မ သွေးပေါင်ချိန်ကလည်း မမှန်နိုင်သေး။ သွေးဖောက်စစ်ပြန်တော့ ဟေမိုဂလိုဗင်ကလည်း တော်တော်နည်းနေသတဲ့။ အားလုံးသာမန် (Normal)ဖြစ်အောင် အတော် လေး ကုသရမည်ထင်သည်ပဲ။

ဆေးရုံနှင့် အိမ်ကလည်း နီးလို့တော်တော့သည်။ ဆေးရုံက ထမင်းလည်း ကောင်းပါသည်။ ဟင်းလည်းကောင်းပါသည်။ သို့သော် မေမေပို့ပေးသည့် ဟင်း၊ ထမင်းနှင့် ခေါက်ဆွဲပြုတ်ကိုတော့ လုံးဝ မမီပါ။

ကျွန်မကလည်း နည်းနည်းလေး နလန်ထလာသည်နှင့် အစားသောင်းကျန်းပါတော့သည်။ နဂိုစားသည်ထက် ပိုလို့စားသည်က Prednisolone ဆေးသောက်ရလို့ဟု ဆိုသည်။ ကိုယ့်ကိုယ် ကိုလည်း အလွန်အံ့ဩမိပါသည်။ ခါတိုင်းစားသည်ထက် သုံးဆမက ထင်သည်။ မျက်နှာက ဖောင်း ကားဝပြဲလာသည်။ Moon Face (ဆေးရုံမှာ Prednisolone စားလို့ မျက်နှာပြည့်လာသည့် လူနာကို ခေါ်သည်။) ဖြစ်လာသည်။ ကိုယ်ခန္ဓာမှာလည်း အသားပြည့်တာ မညီမညာဖြစ်လာသည်။ ထိုဆေးကြောင့်လား၊ Drip တွေ သွင်းတာကြောင့်လား၊ တင်သားတစ်ဝိုက် အသားတွေ မညီမညာ မို့ တက်လာသည်။

ဆီးခုံမှာလည်း ဖောင်းအိမ့်တက်လာသည်။ ကိုယ့်ဟာကိုယ် ဟိုနေရာစမ်းကြည့်၊ ဒီနေရာစမ်းကြည့်နှင့် ဘာဖြစ်မှန်းမသိလို့ ကြောက်လာသည်။ သို့သော် ဆရာဝန်၊ ဆရာမတွေကို မပြောမိ၊ မပြမိ။ နောက်တော့လည်း မကြာပါ။ သူ့ဟာသူ ပြေလျော့ပြီး ညီသွားလို့ တော်တော့ သည်။ Prednisolone (ပင်နီစလုံး) သောက်ရတဲ့ လူနာဟာ ဆေးအစွန်းရောက်နေပြီလို့လည်း ဆေးရုံအခန်းပတ်ဝန်းကျင်မှာ ပြောသံကြားရသည်။

တစ်လအကြာ အခြေအနေကောင်းသည်နှင့် ဆေးရုံမှ ဆင်းရသည်။ နားနားနေနေ နေရမည်တဲ့။ Complete Bd Rest ပေးထားသည်။ လှုပ်ရှားမှုမရှိလျှင် မနေတတ်သော ကျွန်မအဖို့ အခက်သားပါလား။ ကားမောင်းသည်။ ကြက်တောင်ရိုက်သည်။ အငန်လုံးဝ မစားရ ပြောထား သည်ကို ငံပြာရည်ချက်၊ ငါးပိချက်စားသည်။

မကြာပါ။ မကြာလိုက်ပါ။ ပြန်ဖြစ်သည်။ မျက်နှာမှာလည်း အငန်စားသည်ကြောင့် အဖုအပိမ့်တွေ ထွက်ကာ လှပနေပါတော့သည်။ သွေးပေါင်တွေကလည်း တက်၊ လူက မူးသလိုလို၊ ရင်ထဲက စူးပြီး အောင့်သလိုလိုဖြစ်ကာ အဖျားပါ ဝင်လာတော့သည်။ အဆစ်၊အမြစ်တွေကလည်း ပြန်နာလာသည်။ နှလုံး၏ ရိုက်ခတ်မှု စည်းချက်က ကြမ်းလှပါသည်။ ခုတင်ခြေရင်း ခြင်ထောင်တိုင် တန်းမှာ လှမ်းထားသည့် တဘက်အဖြူကြီးပင်လျှင် နှလုံးနှင့်အပြိုင် စည်းချက်ညီညီရိုက်ခတ် ခုန် လှုပ်နေတာတွေ့ရသည်။ ဘာကိုမှ မကြောက်တတ်၊ မလန့်တတ်တဲ့ကျွန်မ ဝုန်းခနဲ တံခါးပိတ်သံ ဓာလက်ကို ကြားလိုက်သည်နှင့် လန့်ဖျပ်ကာ နှလုံးအခုန်က နဂိုခပ်ကြမ်းကြမ်း ခုန်နေတာထက် ပို လို့ခုန်ရိုက် လှုပ်ယမ်းသွားတတ်သည်။

ဒုတိယအကြိမ် ဆေးရုံပြန်တက်သည့်အခါ ဆရာဝန်(ပါရဂူကြီး)က “သမီးရောဂါက ယောကျ်ားယူလို့ မရဘူး။ ယောကျ်ားယူရင်တောင် ကလေးယူလို့ မရဘူး”

ဟု သတ်မှတ်ပြောပါတော့သည်။ ကျွန်မဘာဝဆုံးပြီးထင်ပါရဲ့။ ဖေဖေ့ခများ "ငါ့သမီးကြီး တော့ ဒီဘဝ သွားပါပြီကွာ" ဆိုပြီး ညည်းညူရင်း မျက်ရည်ကျသည်တဲ့..။

မောင်ကလည်း သစ္စာမပျက်ဆက်ချစ်လျက်၊ တစ်ရက်အပျက်မခံ နေ့တိုင်းလာသည်။ မောင့်ကိုပြောလို့တော့ မထွက်ခဲ့။ မောင်နဲ့ခွဲရမှာ၊ မောင်နဲ့ကွဲသွားမှာ ကျွန်မ သေမလောက်ကြောက် သည်ကိုး။ ပြောရင်တော့လည်း "ကလေးမယူဘဲနေကြတာပေ့ါ ဝါရယ်" လို့ ပြောမှာသေချာနေ သည်။

ဖေဖေ၊ မေမေတို့မျိုးရိုးမှာ နှလုံးရောဂါသည် တစ်ယောက်မှ မရှိခဲ့ပါဘူး။ မျိုးရိုးနဲ့တော့လည်း မဆိုင်ဘူးထင်တယ်နော်။ ကျွန်မကတော့ ဒဏ်တွေကြောင့် ဖြစ်သည်ဟု ထင်ပါသည်။ ဆရာဝန် ကြီးတွေက ဟိုးအရင်က ဖြစ်ဖူး၊ မဖြစ်ဖူးနဲ့ မျိုးရိုးကို မေးတော့ မရှိ၊ မဖြစ်လို့သာ ဖြေခဲ့သည်ပေ့ါ။

တကယ်တော့ ကျွန်မဟာ ကြက်တောင်ရိုက် အားကစားသမားတစ်ယောက်ပါ။ ပြီး ၁၉၇၈ ခုနှစ်အတွင်း မတ်လမှာတစ်ခါ၊ ဧပြီလမှာ တစ်ခါ ခြေလျင်တောင်တက်အသင်းဝင်ဖို့ ဂျိုးဖြူကနေ ဖောင်ကြီးအထိ ခြေလျင်လျှောက်တာ၊ နောက်ရှမ်းပြည်နယ်က ပေခုနှစ်ထောင်ကျော်မြင့်တဲ့ရှေ့ မြင်၊ နောက်မြင်တောင်ကို တက်ခဲ့တာ။ အဲဒီ တောင်မတက်ခင်ကျောင်းမှာ လူရွေးပွဲလုပ်တော့ မိုင် (၂၀) ခရီးကို လျှောက်တာ။ အဲဒါတွေ ပြောမပြပါ။

ခရီးစဉ်ကပြန်တော့ တက္ကသိုလ်ပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲအတွက် လေ့ကျင့်ရပြန်ပါ သည်။ သမိုင်းအားကစားရုံမှာ ဖြစ်သည်။ အစာမစားဘဲ မနားတမ်းရိုက်သည်။ မှတ်မှတ်ရရ ကြက် တောင်ရှစ်ပွဲ ဆက်ရိုက်ပြီး၊ ဘာလီတစ်ခွက်၊ သီးမွှေးငှက်ပျောသီးတစ်လုံးဖြင့် ပြီးလိုက်သည်။ အဲဒီ ညမှစ၍ သတိတွေလစ်ကာ အဖျားဝင်ပါတော့သည်။ ကစားတာကို လောဘကြီးသွားခြင်းဖြစ် သည်။ ကွင်းထဲသူများဝင်ပြီးလျှင် ကိုယ်မဝင်ရမှာ စိုးရိမ်သည်။ ကိုယ်ဝင်ပြီးသည်နှင့် မထွက်တမ်း ကွင်းကိုလုဖို့ ကစားလိုက်သည်။ မှတ်ကရော။

ကြက်တောင်ရိုက်ပြိုင်ပွဲမဝင်ရဘဲ၊ ဆေးရုံကိုသာ ကျွန်မရောက်ရပါတော့သည်။ ကျွန်မနှင့် တွဲရိုက်ရမည့်သူငယ်ချင်းကလည်း သူ့အတွဲပြုတ်သွားလို့ ဆေးရုံမှာ မျက်ရည်လေး တစမ်းစမ်းနှင့် လာကြည့်သေးရဲ့။ သူပါ ဝင်မကစားတော့ဟုလည်း ဆိုသေးသည်။ အဲဒီ သူငယ်ချင်းက ကြက်တောင်လက်ရွေးစင် မဖြစ်ခဲ့ပေမဲ့ ဘော်လီဘောလက်ရွေးစင်တစ်ယောက်မို့ နိုင်ငံခြားထိ တောင် သွားပြိုင်လို့နေရပြီ။

ဒုတိယအကြိမ် ဆေးရုံတက်ပြီးဆင်းတော့ Every Friday (သောကြာတစ်ပတ်)ဆေးစစ်ရ ပါသည်။ ဒီကြားထဲက မေမေက သက်သာလိုသက်သာငြား ရခိုင်ဆေးဆရာကြီးတစ်ယောက်နှင့် ကုပါသည်။ နာမည်တစ်လုံးနှင့် နာမည်ကြီးသည့် ဆေးဆရာကြီး တစ်ယောက်တော့မဟုတ်ပါ။ သံပ ရာခွံ ဦးထုပ်လေးဆောင်း၊ လက်တစ်ဖက်က ဆေးအိတ်အမည်းကြီးကိုဆွဲ၊ တစ်ဖက်ကတုတ် ကောင်နှင့် ကျွန်မတို့၏ ပြည်ထောင်စုရိပ်သာဝန်းကျင်၊ သူနှင့်သိသမျှ၊ ကုသမျှအိမ်တွေကို ဝင်ထွက် သွားလာနေသည့် ဆရာကြီးတစ်ယောက်ပါ။

ဆေးကုသခ ငွေကိုလည်း ဘယ်တော့မှ တောင်းခံယူခြင်းမရှိပါ။ သဒ္ဒါလှျင်တော့ ကန်တော့ ပါ။ ဟိတ်ဟန်လည်း လုံးဝမရှိသူပါ။

“ဒီဆေးတွေသောက်တာ၊ ထိုးတာ ကျွန်မသမီးရောဂါအရှင်း ပျောက်မှာလား ဒေါက်တာ”

လို့ မေမေက ပါရဂူ ဆရာဝန်မကြီးကိုမေးတော့..

“ဟင့်အင်း... ကာကွယ်ရုံသက်သက်လောက်ပဲ ရှိမယ်။ အရှင်းမပျောက်ဘူး။ ပျောက် လည်း ခဏပဲ။ သုံး၊လေးနှစ်နေရင် ပြန်ပေါ်တတ်တယ်”

ဟုဆိုသည်။ မေမေစိတ်ဆင်းရဲသွားသည်။ကျွန်မ စိတ်ဓာတ်ကျသွားသည်။ စဉ်းစားကြည့် ပါ။ စာဖတ်သူရှင်။ အခံရခက်ကြီးပဲ။

သောက်လည်းသောက်၊ ထိုးလည်းထိုးတာတောင် ကာကွယ်ရုံ
သက်သက်ဘဲဆိုတော့..

နောက်ပိုင်း မေမေ့ ဆုံးဖြတ်ချက်နဲ့အညီ ရခိုင်ဆေးဆရာကြီးနဲ့အိမ်မှာပဲ ဆက်ကုသည်။ ဆေးရုံကိုလည်း ပြမြဲပေါ့။ နှလုံးရောဂါကုသည့် နေရာမှာတော့ ကျွန်မတို့ ပတ်ဝန်းကျင်မှာ ဆရာကြီးက နာမည်ကြီးသည်။

မြန်မာ့တိုင်းရင်းဆေး ဆိုသည့်အတိုင်း ပေးသည့် ဆေးတွေက ပူသည်၊ စပ်သည်၊ ခါးသည်။ ချဉ်ငန်စပ်ဆိုသည့် ဆေးတောင် ပါလိုက်သေးသည်။ သောက်လိုက်လျှင် အာခံတွင်းမှာ ချဉ်လို့၊ ငန် လို့ စပ်ရှရှ ကျန်ခဲ့သည်။ အဲဒီ ချဉ်ငန်စပ်ကို ဆီတစ်မျိုးမျိုးနှင့် ရောလို့ တစ်ကိုယ်လုံးလိမ်းရသည်။ ဆေးလိမ်းပြီးတော့ တစ်ကိုယ်လုံးမှာ စေးကပ်ကပ်နဲ့ မွှန်နေတော့သည်။ သောက်ရတာ တစ်မျိုး၊ လိမ်းရတာ တစ်မျိုးမို့ လူမှာတော့ အော်ဂလီဆန်ပြီး တွန့်နေသည်။ မေမေ့ခမျာ စိတ်ရှည်လွန်းလှပါ သည်။ ဆေးမှုန့်လေးကို နှမ်းဆီလေးနဲ့ရော လက်ခလယ်လေးနဲ့မွှေပြီး တစ်ကိုယ်လုံးဆုပ်နယ်လို့ လိမ်းပေးသည်။ ကိုယ့်သမီး ပျောက်ရေးအတွက် မေမေ တစ်စက်ကလေးမှ မညည်းမညူ ကြိုးစား ပြီး လိမ်းသည်။ တိုက်သည်။
ပူစပ်ခါးရှပြီးအနံ့ပြင်းသည့်ဆေးတွေကို အတင်းကာရော ရှုံ့မဲ့လို့ ကျွန် မ မျိုချရသည်။ ပူစပ်လို့ ရင်ထဲမှ စူးရှရှနေသည်။

ဆေးလိမ်းပြီး နောက်တစ်နေ့မှာပင် သိသိသာသာကြီးကို သက်သာသွားသည်။ လူနာနှင့်ဆေးဆရာ ကံစပ်လို့လား၊ မိဘဆရာရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့်လားမသိ။ အတော်ကြီး သက်သာပျောက်ကင်းသွားသည်။

ဆေးရုံမှာ ဆေးစစ်သွားတိုင်းလည်း သွေးပေါင်ချိန်တွေက မှန်၊ နှလုံးအခုန်က သာမန်နှင့်၊ မျက်နှာက သန့်စင်ပြီး လှပရျှင်းလင်းမြူးကြွနေသည်မို့ ကျွန်မကိုကြည့်ပြီး

“သမီး အန်ကယ်ပြောတဲ့အတိုင်း ဆင်ဆင်ခြင်ခြင်နေတယ် ထင်တယ်တဲ့။ ဆေးတွေ မှန်မှန်သောက်တယ် မဟုတ်လားတဲ့”

ကျွန်မ ခေါင်းလည်းမညိတ်၊ ခေါင်းလည်း မခါမိပါ။ ပြုံးလို့တော့ နေလိုက်သည်။ လက်ထဲမှာ ကိုင်ထားသည့် ကားသော့တွဲကို မြင်ပြန်တော့

“သမီး ဘာလို့ကားမောင်းရတာ လဲ။ နောက်ကို မမောင်းနဲ့နော်” လို့လည်း မှာသေးသည်။ ခေါက်ဆွဲတို့၊ ဘီစကွတ်တို့၊ အငန်တို့ မတည့်ကြောင်း၊ မစားသင့်ကြောင်းကိုလည်း ပြောသေးသည်။

တစ်ပတ်တစ်ခါကနေ တစ်လတစ်ခါ ချိန်းလို့ နှစ်ခေါက်လောက်သွားပြီး ကျွန်မ ဆေးရုံကို မရောက်တော့ပါ။ ရခိုင်ဆေးဆရာကြီး၏ ဆေးတွေကိုသာ သောက်လိုက်၊ လိမ်းလိုက်နေလိုက်ပါ သည်။

နောက်ပိုင်း အဆစ်အမြစ်တွေ ကိုက်တာ၊ နာတာ ပျောက်သွားတော့ ဆေးမလိမ်းရတော့ပါ။

နောက်ပိုင်း နောက်ပိုင်း သိသိသာသာကြီး ပျောက်ကင်းသွားပါတော့သည်။ ပြင်းပြင်းထန် ထန် မဟုတ်ပေမဲ့ နည်းနည်းပါးပါး ကြက်တောင်ပြန်ရိုက်နိုင်လာသည်။ ပြိုင်ပွဲဝင်အဆင့်ကိုတော့ ဘယ်တော့မှ မရောက်နိုင်၊ မရနိုင်တော့ပါ။

မောင်နဲ့ကျွန်မ နှလုံးရောဂါဆိုတာကြီးနှင့် ပတ်သက်လို့ပါသည့် ရုပ်ရှင်ကားမျိုး၊ ဝတ္ထုမျိုးကို မကြည့်မိအောင်၊ မဖတ်မိအောင် နေသည်။ သတိမရအောင်နေသည်။ မေ့လို့ထားသည်။

ချစ်သက်တမ်း ခုနှစ်နှစ်ပြည့်မြောက်သည်နှင့် မောင်နှင့် ကျွန်မ နှစ်ဖက်မိဘများ သဘောတူ ညီချက်အရ လက်ထပ်ဖြစ်ခဲ့သည်။ ရောဂါကို ပြန်ပေါ်နိုး၊ ပြန်ပေါ်နိုးနှင့် စိုးရိမ်ပူပန်ခဲ့ရသည့် ကျွန်မ ဘာမှအတားအဆီးမထားလို့ လက်ထပ်ပြီး ရက်မဆိုင်း လမဆိုင်းဘဲ ကိုယ်ဝန်ကိုလွယ်ခဲ့ရသည်။

ကိုယ်ဝန်ဆောင်မိခင်ကောင်းတစ်ဦး ဖြစ်လာခဲ့သည်။

ကိုယ်ဝန်သက်တမ်းတစ်လျှောက် ဘာတစ်ခုမှဖြစ်ခြင်းမရှိဘဲ အားလုံးကောင်းနေပါသည်။

ကလေးကထွားလို့ ဗိုက်ခွဲမွေးလိုက်ရတာ တစ်ခုပဲ ရှိပါသည်။ ဘာရောဂါမှမဖြစ်ပါ။ မွေးမွေးခြင်း သားကြီးမှာ ရှစ်ပေါင်ခွဲ ရှိသည်။ သားကြီးမွေးပြီး နှစ်နှစ်အကျော် ခုနှစ်ပေါင်ရှိသည့် သမီးငယ်လေးကို မွေးခဲ့ပါသည်။ ပထမသားမှာ ဗိုက်ခွဲမွေးရတော့ ဒုတိယသမီးကိုလည်း ဗိုက်ခွဲ မွေးရပါသည်။ သားရော သမီးလေးပါ အတွင်းရောဂါတစ်ခုမှ မပါဘဲ ကျန်းမာ၍ ထွားကျိုင်းသန်မာကြပါသည်။

ကလေးနှစ်ယောက် မိခင်ဖြစ်နေသည့် ကျွန်မကို မကြုံကြိုက်လို့ မင်္ဂလာဆောင် မဖိတ်လိုက်ရသည့် "ညည်းက နှလုံးရောဂါသည်တစ်ယောက်ပဲ" လို့ သတ်မှတ်ခဲ့တဲ့ အန်တီဆရာ ဝန်မကြီးနဲ့ "သမီးရောဂါက ယောကျ်ားယူလို့မရဘူး။ ယောကျ်ားယူရင် ကလေးမွေးလို့ မရဘူး" ဆိုတဲ့ အန်ကယ်ပါရဂူဆရာဝန်ကြီးတို့ကို မြင်စေချင်စမ်းပါသည်။ ပြချင်ပါသည်။ ပြောချင်ပါသည်။

"ဆရာဝန်ကြီးတွေက ကျွန်မကို ဒီလိုပြောခဲ့တာနော်"

လို့ ခင်ပွန်းဖြစ်သူကို ခဏခဏလို ကျွန်မပြောဖြစ်နေခဲ့သည်မှာ ယနေ့တိုင်ပါ...။

နှစ်ပေါင်း (၃၀) နီးပါးကြာခဲ့ပါပြီ။

ကိုယ်နေသည့် တိုက်ခန်း ခြောက်လွှာပေါ်ကို နေ့စဉ် နှစ်ခေါက်ထက်မနည်း အတက်အဆင်း ပြုရသည်။

ကားကိုလည်း ယနေ့ထက်တိုင် မောင်းနေဆဲ..။

(ခံစားကိုယ်တွေ့)

ဝါဝါထင်လင်း

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ၊ ပိတောက်နွယ်